မှတ်ပုံတင်အမှတ်−၃၉

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# ပြန်တမ်း

အမှတ် ၂၈] ရန်ကုန်မြို့ } ၁၃၈၃ ခုနှစ်၊ ဝါဆိုလဆန်း ၁ ရက် (၂၀၂၁ ခုနှစ်၊ ဇူလိုင်လ ၉ ရက်) } သောကြာနေ့ [အတွဲ ၇၄

ဤအပိုင်းကို သီးခြားစုပေါင်း၍ တွဲထားနိုင်ရန် သီးခြားစာမျက်နှာတပ်ထားပါသည်။

## အပိုင်း ၁

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

**အမိန့်အမှတ် (၁၃၅/၂၀၂၁)**

၁၃၈၃ ခုနှစ်၊ နယုန်လဆန်း ၁ ရက်

(၂၀၂၁ ခုနှစ်၊ ဇွန်လ ၁၀ ရက်)

### ပဲခူးတိုင်းဒေသကြီး တရားလွှတ်တော်တရားသူကြီးချုပ် ခန့်အပ်တာဝန်ပေးခြင်း

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၉ အရ ပဲခူးတိုင်းဒေသကြီး တရားလွှတ်တော်တရားသူကြီး ဒေါ်လွင်လွင်အေးကျော် ကို ပဲခူးတိုင်းဒေသကြီးတရားလွှတ်တော် တရားသူကြီးချုပ်အဖြစ် ခန့်အပ်တာဝန်ပေးလိုက်သည်။

အမိန့်အရ

အောင်လင်းဒွေး
ဒုတိယဗိုလ်ချုပ်ကြီး
အတွင်းရေးမှူး
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

**အမိန့်အမှတ် (၁၃၆/၂၀၂၁)**

၁၃၈၃ ခုနှစ်၊ နယုန်လဆန်း ၁ ရက်

(၂၀၂၁ ခုနှစ်၊ ဇွန်လ ၁၀ ရက်)

### တိုင်းဒေသကြီးတရားလွှတ်တော် တရားသူကြီးများ ခန့်အပ်တာဝန်ပေးခြင်း

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၉ အရ အောက်ပါပုဂ္ဂိုလ်များအား ယှဉ်တွဲပါ တိုင်းဒေသကြီးတရားလွှတ်တော် တရားသူကြီးများအဖြစ် ခန့်အပ်တာဝန်ပေးလိုက်သည်−

| | | |
|---|---|---|
| (၁) | ဒေါ်ရင်ရင်သန်း | တနင်္သာရီတိုင်းဒေသကြီးတရားလွှတ်တော် |
| (၂) | ဦးမြင့်စိုး | ပဲခူးတိုင်းဒေသကြီးတရားလွှတ်တော် |

အမိန့်အရ

အောင်လင်းဒွေး
ဒုတိယဗိုလ်ချုပ်ကြီး
အတွင်းရေးမှူး
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

**အမိန့်အမှတ် (၁၃၇/၂၀၂၁)**

၁၃၈၂ ခုနှစ်၊ နယုန်လဆန်း ၇ ရက်

(၂၀၂၁ ခုနှစ်၊ ဇွန်လ ၁၆ ရက်)

**Coronavirus Disease 2019 (COVID–19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး ဗဟိုကော်မတီ ပြင်ဆင်ဖွဲ့စည်းခြင်း**

၁။ Coronavirus Disease 2019 (COVID–19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး ဗဟိုကော်မတီကို အောက်ပါပုဂ္ဂိုလ်များဖြင့် ပြင်ဆင်ဖွဲ့စည်းလိုက်သည်–

| | | |
|---|---|---|
| (က) | ဥက္ကဋ္ဌ<br>နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ | ဥက္ကဋ္ဌ |
| (ခ) | ပြည်ထောင်စုဝန်ကြီး<br>ကာကွယ်ရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဂ) | ပြည်ထောင်စုဝန်ကြီး<br>ပြည်ထဲရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဃ) | ပြည်ထောင်စုဝန်ကြီး<br>နိုင်ငံခြားရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (င) | ပြည်ထောင်စုဝန်ကြီး<br>ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (စ) | ပြည်ထောင်စုဝန်ကြီး<br>စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဆ) | ပြည်ထောင်စုဝန်ကြီး<br>ပြန်ကြားရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဇ) | ပြည်ထောင်စုဝန်ကြီး<br>သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဈ) | ပြည်ထောင်စုဝန်ကြီး<br>ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ည) | ပြည်ထောင်စုဝန်ကြီး<br>အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဋ) | ပြည်ထောင်စုဝန်ကြီး<br>စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဌ) | ပြည်ထောင်စုဝန်ကြီး<br>လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဍ) | ပြည်ထောင်စုဝန်ကြီး<br>ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန | အတွင်းရေးမှူး |

(ဃ) အမြဲတမ်းအတွင်းဝန် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအုပ်ချုပ်မှုရုံး — တွဲဖက်အတွင်းရေးမှူး (၁)

(ဏ) ညွှန်ကြားရေးမှူးချုပ် ပြည်သူ့ကျန်းမာရေး/ ကုသရေးဦးစီးဌာန ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန — တွဲဖက်အတွင်းရေးမှူး (၂)

၂။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ ၅ ရက်စွဲပါ အမိန့်အမှတ် ၂၈/၂၀၂၁ ကို ဤအမိန့်ဖြင့် လွှမ်းမိုးပယ်ဖျက်လိုက်သည်။

အမိန့်အရ

အောင်လင်းဒွေး
ဒုတိယဗိုလ်ချုပ်ကြီး
အတွင်းရေးမှူး
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

**အမိန့်ကြော်ငြာစာအမှတ် (၁၇၈/၂၀၂၁)**

၁၃၈၃ ခုနှစ်၊ နယုန်လဆန်း ၁ ရက်
(၂၀၂၁ ခုနှစ်၊ ဇွန်လ ၁၀ ရက်)

**ရတနာပုံမြို့သစ်တည်ဆောက်ရေးစီမံကိန်း ကြီးကြပ်မှုကော်မတီ အဖွဲ့ဝင်ပြင်ဆင်ဖွဲ့စည်းခြင်း**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ၂၀၂၁ ခုနှစ်၊ မတ်လ ၂၁ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၆၅/၂၀၂၁ ဖြင့် ဖွဲ့စည်းခဲ့သည့် **ရတနာပုံမြို့သစ်တည်ဆောက်ရေးစီမံကိန်း ကြီးကြပ်မှုကော်မတီ** တွင် အဖွဲ့ဝင် ပြည်ထောင်စုဝန်ကြီး၊ စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန **အစား** ပြည်ထောင်စုဝန်ကြီး၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနနှင့် ပြည်ထောင်စုဝန်ကြီး၊ စက်မှုဝန်ကြီးဌာနတို့ဖြင့် ပြင်ဆင်ဖွဲ့စည်းလိုက်သည်။

အမိန့်အရ

အောင်လင်းဒွေး
ဒုတိယဗိုလ်ချုပ်ကြီး
အတွင်းရေးမှူး
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

**အမိန့်ကြော်ငြာစာအမှတ် (၁၇၉/၂၀၂၁)**

၁၃၈၃ ခုနှစ်၊ နယုန်လဆန်း ၂ ရက်
(၂၀၂၁ ခုနှစ်၊ ဇွန်လ ၁၁ ရက်)

**ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်၊ ပျဉ်းမနားမြို့၊ မဟာဝိသုတာရာမဈေးကုန်းကျောင်းတိုက်ကြီး၏ ဦးစီးပဓာနနာယက၊ နိုင်ငံတော်ဩဝါဒါစရိယ၊ အဘိဓဇမဟာရဋ္ဌဂုရု ဒေါက်တာဘဒ္ဒန္တကဝိသာရ မဟာထေရ်မြတ်၏ အန္တိမအဂ္ဂိစျာပနအခမ်းအနားကျင်းပရေး ဩဝါဒါစရိယဆရာတော်ကြီးများအဖွဲ့၊ နာယကအဖွဲ့နှင့် လုပ်ငန်းကော်မတီ ဖွဲ့စည်းခြင်း**

၁။ ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်၊ ပျဉ်းမနားမြို့၊ ရွာကောက်ရပ်ကွက်၊ မဟာဝိသုတာရာမဈေးကုန်းကျောင်းတိုက်ကြီး၏ ဦးစီးပဓာနနာယက၊ နိုင်ငံတော်ဩဝါဒါစရိယ၊ အဘိဓဇမဟာရဋ္ဌဂုရု ဒေါက်တာဘဒ္ဒန္တ

ကဝိသာရ (သက်တော် ၉၅၊ ဝါတော် ၇၅) မဟာထေရ်မြတ်၏ အန္တိမအင်္ဂါစျာပနအခမ်းအနား အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် **ဩဝါဒါစရိယဆရာတော်ကြီးများအဖွဲ့၊ နာယကအဖွဲ့နှင့် လုပ်ငန်းကော်မတီ** တို့ကို အောက်ပါအတိုင်း ဖွဲ့စည်းလိုက်ပါသည်-

(က) **ဩဝါဒါစရိယဆရာတော်ကြီးများအဖွဲ့**

| | | |
|---|---|---|
| (၁) | ဘဒ္ဒန္တဇောတိက | ပဓာနနာယက၊ သပြေတောင်ကျောင်း၊ ပျဉ်းမနားမြို့နယ်။ |
| (၂) | ဘဒ္ဒန္တဝိလာသ | ပဓာနနာယက၊ ကူးတို့ဆိပ်ကျောင်း၊ ပျဉ်းမနားမြို့နယ်။ |
| (၃) | ဘဒ္ဒန္တအဂ္ဂဝံသ | ပဓာနနာယက၊ ဥယျာဉ်စုကျောင်း၊ ပျဉ်းမနားမြို့နယ်။ |
| (၄) | ဘဒ္ဒန္တစန္ဒိမာ | ပဓာနနာယက၊ နတ်ရေတွင်းကျောင်း၊ ပျဉ်းမနားမြို့နယ်။ |
| (၅) | ဘဒ္ဒန္တကေသရ | ပဓာနနာယက၊ စဥ့်အိုးဘိုကျောင်း၊ ပျဉ်းမနားမြို့နယ်။ |
| (၆) | ဘဒ္ဒန္တဝိစာရ | ပဓာနနာယက၊ အလယ်တိုက်ကြီး၊ ပခုက္ကူမြို့။ |
| (၇) | ဘဒ္ဒန္တကုက္ကန္ဒာစက္က | မြို့နယ်သံဃနာယကအဖွဲ့၊ အကျိုးတော်ဆောင်၊ ပဓာနနာယက၊ စည်ပင်သာယာရွာဦးကျောင်း၊ ဇေယျာသီရိမြို့နယ်။ |
| (၈) | ဘဒ္ဒန္တနန္ဒိယ | မြို့နယ်ဘုန်းတော်ကြီးကျောင်းပညာသင်ကြားမှုကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ၊ ပဓာနနာယက၊ ရတနာစံပြသဲကျွန်းကျောင်း၊ ဥတ္တရသီရိမြို့နယ်။ |
| (၉) | ဘဒ္ဒန္တစန္ဒောဘာသ | မြို့နယ်သံဃနာယကအဖွဲ့၊ အဖွဲ့ဝင်၊ ပဓာနနာယက၊ ဘုရားကိုးဆူကျောင်း၊ ပျဉ်းမနားမြို့နယ်။ |
| (၁၀) | ဘဒ္ဒန္တစန္ဒောဘာသ | မြို့နယ်သံဃနာယကအဖွဲ့၊ အကျိုးတော်ဆောင်၊ ဈေးကုန်းကျောင်းတိုက်၊ ပျဉ်းမနားမြို့နယ်။ |
| (၁၁) | ဘဒ္ဒန္တကုသလ | အနုနာယကဆရာတော်၊ ဦးဗုဒ္ဓေါကျောင်း၊ ပျဉ်းမနားမြို့နယ်။ |

(ခ) **နာယကအဖွဲ့**

(၁) ဦးကိုကို
ပြည်ထောင်စုဝန်ကြီး
သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန

(၂) ဒေါက်တာမောင်မောင်နိုင်
ဥက္ကဋ္ဌ
နေပြည်တော်ကောင်စီ

(၃) ဗိုလ်ချုပ် ဇော်မျိုးတင်
တိုင်းမှူး
နေပြည်တော်တိုင်းစစ်ဌာနချုပ်

(ဂ) **စျာပနအခမ်းအနားကျင်းပရေးလုပ်ငန်းကော်မတီ**

(၁) ဦးအေးထွန်း — ဥက္ကဋ္ဌ
ဒုတိယဝန်ကြီး
သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန

(၂) ဦးထွန်းအုံ — အဖွဲ့ဝင်
ဒုတိယဝန်ကြီး
သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန

(၃) ဗိုလ်မှူးကြီး မင်းနောင် — အဖွဲ့ဝင်
အဖွဲ့ဝင်
နေပြည်တော်ကောင်စီ

(၄) ဦးမြင့်စိုး — အဖွဲ့ဝင်
အဖွဲ့ဝင်
နေပြည်တော်ကောင်စီ

(၅) ဦးဇေယျာလင်း — အဖွဲ့ဝင်
အဖွဲ့ဝင်
နေပြည်တော်ကောင်စီ

(၆) ဦးမောင်မောင် — အဖွဲ့ဝင်
ဒုတိယမြို့တော်ဝန်
နေပြည်တော်စည်ပင်သာယာရေးကော်မတီ

(၇) ဒုတိယတိုင်းမှူး — အဖွဲ့ဝင်
နေပြည်တော်တိုင်းစစ်ဌာနချုပ်

(၈) ဦးစိုးဝင်း — အဖွဲ့ဝင်
ဌာနကြီးမှူး (စီမံရေးရာဌာန)
နေပြည်တော်စည်ပင်သာယာရေးကော်မတီ

(၉) ဦးအေးကိုကို — အဖွဲ့ဝင်
ဌာနကြီးမှူး
ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သန့်ရှင်းရေးဌာန
နေပြည်တော်စည်ပင်သာယာရေးကော်မတီ

(၁၀) ဦးမျိုးညွန့်အောင် — အဖွဲ့ဝင်
ခေတ္တညွှန်ကြားရေးမှူးချုပ်
သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာန

(၁၁) ဦးလှခိုင် — အဖွဲ့ဝင်
ခေတ္တညွှန်ကြားရေးမှူးချုပ်
အနုပညာဦးစီးဌာန

(၁၂) ဦးဆန်းထွန်းအောင် — အဖွဲ့ဝင်
နေပြည်တော်သာသနာရေးမှူး
နေပြည်တော်သာသနာရေးမှူးရုံး

(၁၃) ဒေါက်တာသီရိနွယ် — အဖွဲ့ဝင်
တိုင်းဦးစီးမှူး
နေပြည်တော်ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာန

(၁၄) ဦးမောင်မောင် အဖွဲ့ဝင်
တိုင်းဦးစီးမှူး
နေပြည်တော်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန

(၁၅) ဒေါ်သင်းသင်းဆွေ အဖွဲ့ဝင်
တိုင်းဦးစီးမှူး
နေပြည်တော်စီမံကိန်းရေးဆွဲရေးဦးစီးဌာန

(၁၆) ဦးမြင့်ဦး အတွင်းရေးမှူး
အမြဲတမ်းအတွင်းဝန်
သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန

၂။ ဈာပနအခမ်းအနားကျင်းပရေးလုပ်ငန်းကော်မတီ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

(က) ဩဝါဒါစရိယဆရာတော်ကြီးများထံမှ ဩဝါဒခံယူရန်၊

( ခ ) နာယကအဖွဲ့ထံမှ လမ်းညွှန်မှုခံယူရန်၊

( ဂ ) ဩဝါဒါစရိယဆရာတော်ကြီးများနှင့် နာယကအဖွဲ့၏ဩဝါဒလမ်းညွှန်ချက်နှင့်အညီ လိုက်နာဆောင်ရွက်ရန်၊

(ဃ) အန္တိမအဂ္ဂိဈာပနအခမ်းအနား အောင်မြင်စွာကျင်းပနိုင်ရေး ဆပ်ကော်မတီများနှင့် ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးရန်။

၃။ ဈာပနအခမ်းအနားကျင်းပရေး လုပ်ငန်းကော်မတီသည် လိုအပ်သောဆပ်ကော်မတီများကို ဖွဲ့စည်း ဆောင်ရွက်သွားရန်ဖြစ်ပါသည်။

အမိန့်အရ

အောင်လင်းဒွေး
ဒုတိယဗိုလ်ချုပ်ကြီး
အတွင်းရေးမှူး
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

## အမိန့်ကြော်ငြာစာအမှတ် (၁၈၀/၂၀၂၁)

၁၃၈၃ ခုနှစ်၊ နယုန်လဆန်း ၂ ရက်
(၂၀၂၁ ခုနှစ်၊ ဇွန်လ ၁၁ ရက်)

### ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲ အခမ်းအနားကျင်းပရေး ဦးစီးကော်မတီနှင့် လုပ်ငန်းကော်မတီ ဖွဲ့စည်းခြင်း

၁။ ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲအခမ်းအနားကို နေပြည်တော်၊ ဥပ္ပါတသန္တိစေတီတော် ပရိဝုဏ် အတွင်းရှိ သာသနာ့မဟာဗိမာန်တော်ကြီး၌ အောင်မြင်စွာကျင်းပနိုင်ရေးအတွက် **ဝါဆိုသင်္ကန်းဆက်ကပ် လှူဒါန်းပွဲ အခမ်းအနားကျင်းပရေး ဦးစီးကော်မတီနှင့် လုပ်ငန်းကော်မတီ** တို့ကို အောက်ပါအတိုင်း ဖွဲ့စည်းတာဝန်ပေးအပ်လိုက်သည်-

(က) **ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲ အခမ်းအနားကျင်းပရေး ဦးစီးကော်မတီ**

(၁) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း နာယက
ဒုတိယဥက္ကဋ္ဌ
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

| | | |
|---|---|---|
| (၂) | ဦးကိုကို<br>ပြည်ထောင်စုဝန်ကြီး<br>သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန | ဥက္ကဋ္ဌ |
| (၃) | ဒေါက်တာမောင်မောင်နိုင်<br>ဥက္ကဋ္ဌ<br>နေပြည်တော်ကောင်စီ | အဖွဲ့ဝင် |
| (၄) | ဒုတိယဗိုလ်ချုပ်ကြီး သန်းလှိုင်<br>ဒုတိယဝန်ကြီး<br>ပြည်ထဲရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (၅) | ဦးမောင်မောင်ဝင်း<br>ဒုတိယဝန်ကြီး<br>စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (၆) | ဦးထွန်းအုံ<br>ဒုတိယဝန်ကြီး<br>သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန | အဖွဲ့ဝင် |
| (၇) | ဗိုလ်မှူးချုပ် လူမွန်<br>ဒုတိယဝန်ကြီး<br>ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (၈) | ဦးသန့်စင်<br>ဒုတိယဝန်ကြီး<br>လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန | အဖွဲ့ဝင် |
| (၉) | ဦးမြင့်စိုး<br>ကောင်စီဝင်<br>နေပြည်တော်ကောင်စီ | အဖွဲ့ဝင် |
| (၁၀) | ဒုတိယတိုင်းမှူး<br>နေပြည်တော်တိုင်းစစ်ဌာနချုပ် | အဖွဲ့ဝင် |
| (၁၁) | ညွှန်ကြားရေးမှူးချုပ်<br>သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာန<br>သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန | အဖွဲ့ဝင် |
| (၁၂) | ဦးအေးထွန်း<br>ဒုတိယဝန်ကြီး<br>သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန | အတွင်းရေးမှူး |
| (၁၃) | ဦးမြင့်ဦး<br>အမြဲတမ်းအတွင်းဝန်<br>သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန | တွဲဖက်အတွင်းရေးမှူး |

( ခ ) ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲ အခမ်းအနားကျင်းပရေး လုပ်ငန်းကော်မတီ

| | | |
|---|---|---|
| (၁) | ဦးအေးထွန်း<br>ဒုတိယဝန်ကြီး<br>သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန | ဥက္ကဋ္ဌ |
| (၂) | ဦးမြင့်ဦး<br>အမြဲတမ်းအတွင်းဝန်<br>သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန | အဖွဲ့ဝင် |
| (၃) | ညွှန်ကြားရေးမှူးချုပ်<br>အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန<br>ပြည်ထဲရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (၄) | ညွှန်ကြားရေးမှူးချုပ်<br>မီးသတ်ဦးစီးဌာန<br>ပြည်ထဲရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (၅) | ညွှန်ကြားရေးမှူးချုပ်<br>ဗဟိုစက်ပစ္စည်းစာရင်းအင်းနှင့် စစ်ဆေးရေးဦးစီးဌာန<br>စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (၆) | ညွှန်ကြားရေးမှူးချုပ်<br>မြန်မာ့အသံနှင့် ရုပ်မြင်သံကြား<br>ပြန်ကြားရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (၇) | အမှုဆောင်အရာရှိချုပ်<br>မြန်မာအမျိုးသားလေကြောင်း<br>ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (၈) | ဦးဆောင်ညွှန်ကြားရေးမှူး<br>လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း<br>လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန | အဖွဲ့ဝင် |
| (၉) | ညွှန်ကြားရေးမှူးချုပ်<br>ကုသရေးဦးစီးဌာန<br>ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန | အဖွဲ့ဝင် |
| (၁၀) | ညွှန်ကြားရေးမှူးချုပ်<br>ဟိုတယ်နှင့် ခရီးသွားညွှန်ကြားမှုဦးစီးဌာန<br>ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (၁၁) | ခေတ္တညွှန်ကြားရေးမှူးချုပ်<br>အနုပညာဦးစီးဌာန<br>သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန | အဖွဲ့ဝင် |
| (၁၂) | အလှည့်ကျသဘာပတိ<br>ဂေါပကအဖွဲ့<br>ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး | အဖွဲ့ဝင် |

(၁၃) ညွှန်ကြားရေးမှူးချုပ် အတွင်းရေးမှူး
သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာန
သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန

၂။ ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲ အခမ်းအနားကျင်းပရေး ဦးစီးကော်မတီနှင့် လုပ်ငန်းကော်မတီတို့၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲ အခမ်းအနားကို LED Board များဖြင့် ပူဇော်နိုင်ရေးဆောင်ရွက်ရန်၊

(ခ) ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲ အောင်မြင်စွာကျင်းပနိုင်ရေးအတွက် လိုအပ်သည်များကို စီစဉ်ညွှန်ကြားရန်၊

(ဂ) ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲအတွက် ဖွဲ့စည်းပေးထားသည့် ဆပ်ကော်မတီအသီးသီးတို့၏ လိုအပ်ချက်များအား ကူညီဖြည့်ဆည်းပေးရန်နှင့် ပေါင်းစပ်ညှိနှိုင်းပေးရန်၊

(ဃ) အရေးကြီးပုဂ္ဂိုလ်နှင့် ဧည့်သည်တော်များအား ကြိုဆိုရေး၊ သံဃာတော်များပင့်ဆောင်ရေး၊ ဧည့်ခံကျွေးမွေးရေး၊ သံဃာတော်များအား ဆက်ကပ်မည့် လှူဖွယ်ပစ္စည်းများ၊ သာသနာ့မဟာဗိမာန်တော်ပြင်ဆင်ထားရှိမှု စသည်တို့အား လစ်ဟာမှုမရှိစေရေးအတွက် ကြိုတင်စစ်ဆေးထားပြီး ဆပ်ကော်မတီအသီးသီး၏ လုပ်ငန်းဆောင်ရွက်ချက်များအား ဖြည့်ဆည်းဆောင်ရွက်ရန်။

၃။ ဦးစီးကော်မတီနှင့် လုပ်ငန်းကော်မတီတို့သည် လုပ်ငန်းလိုအပ်ချက်အရ လိုအပ်သော ဆပ်ကော်မတီများကို ဖွဲ့စည်းဆောင်ရွက်သွားရန်ဖြစ်သည်။

အမိန့်အရ

အောင်လင်းဒွေး
ဒုတိယဗိုလ်ချုပ်ကြီး
အတွင်းရေးမှူး
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

## အမိန့်ကြော်ငြာစာအမှတ် (၁၈၁/၂၀၂၁)

၁၃၈၃ ခုနှစ်၊ နယုန်လဆန်း ၂ ရက်
(၂၀၂၁ ခုနှစ်၊ ဇွန်လ ၁၁ ရက်)

### ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး အတည်ပြုခန့်ထားခြင်း

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ သမဝါယမဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးအောင်သူရ ကို အစမ်းခန့်ကာလ (၁) နှစ် ပြည့်မြောက်သည့်နေ့မှစ၍ အတည်ပြုခန့်ထားလိုက်သည်။

အမိန့်အရ

အောင်လင်းဒွေး
ဒုတိယဗိုလ်ချုပ်ကြီး
အတွင်းရေးမှူး
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

**အမိန့်ကြော်ငြာစာအမှတ် (၁၈၂/၂၀၂၁)**

၁၃၈၃ ခုနှစ်၊ နယုန်လဆန်း ၃ ရက်

(၂၀၂၁ ခုနှစ်၊ ဇွန်လ ၁၂ ရက်)

**တည်ဆောက်ရေးလုပ်ငန်းစိစစ်ရေးကော်မတီ အဖွဲ့ဝင် ပြင်ဆင်ဖွဲ့စည်းခြင်း**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီရုံး၏ ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၆ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၁၃/၂၀၂၁ ဖြင့် ဖွဲ့စည်းခဲ့သော **တည်ဆောက်ရေးလုပ်ငန်းစိစစ်ရေးကော်မတီ** တွင် အဖွဲ့ဝင် အမြဲတမ်းအတွင်းဝန်၊ စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန **အစား** အဖွဲ့ဝင် အမြဲတမ်းအတွင်းဝန်၊ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနနှင့် အဖွဲ့ဝင် အမြဲတမ်းအတွင်းဝန်၊ စက်မှုဝန်ကြီးဌာနတို့ဖြင့် ပြင်ဆင်ဖွဲ့စည်းလိုက်သည်။

အမိန့်အရ

အောင်လင်းဒွေး
ဒုတိယဗိုလ်ချုပ်ကြီး
အတွင်းရေးမှူး
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

**အမိန့်ကြော်ငြာစာအမှတ် (၁၈၃/၂၀၂၁)**

၁၃၈၃ ခုနှစ်၊ နယုန်လဆန်း ၅ ရက်

(၂၀၂၁ ခုနှစ်၊ ဇွန်လ ၁၄ ရက်)

**ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးများ ခန့်ထားခြင်း**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် အောက်ဖော်ပြပါပုဂ္ဂိုလ်များကို ယင်းတို့နှင့်ယှဉ်တွဲဖော်ပြထားသည့် ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ရာထူးနေရာများတွင် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ အစမ်းခန့်ထားလိုက်သည်-

| | **အမည်၊ ရာထူး၊ ဌာန** | **ခန့်ထားသည့် ရာထူး၊ ဌာန** |
|---|---|---|
| (၁) | ဦးညွှန့်ဝင်း<br>ဒုတိယပါမောက္ခချုပ် (သင်ကြား)<br>အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ် (ရန်ကုန်)<br>သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန | ညွှန်ကြားရေးမှူးချုပ်<br>အနုပညာဦးစီးဌာန<br>သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန |
| (၂) | ဒေါက်တာ သန်းထွန်း<br>ဒုတိယပါမောက္ခချုပ်<br>ပုသိမ်တက္ကသိုလ်<br>အဆင့်မြင့်ပညာဦးစီးဌာန<br>ပညာရေးဝန်ကြီးဌာန | ပါမောက္ခချုပ်<br>ပုသိမ်တက္ကသိုလ်<br>အဆင့်မြင့်ပညာဦးစီးဌာန<br>ပညာရေးဝန်ကြီးဌာန |

အမိန့်အရ

အောင်လင်းဒွေး
ဒုတိယဗိုလ်ချုပ်ကြီး
အတွင်းရေးမှူး
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

**အမိန့်ကြော်ငြာစာအမှတ် (၁၈၄/၂၀၂၁)**

၁၃၈၃ ခုနှစ်၊ နယုန်လဆန်း ၇ ရက်

(၂၀၂၁ ခုနှစ်၊ ဇွန်လ ၁၆ ရက်)

**ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး အတည်ပြုခန့်ထားခြင်း**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ပညာရေးဝန်ကြီးဌာန၊ အဆင့်မြင့်ပညာဦးစီးဌာန၊ ရန်ကုန်အနောက်ပိုင်းတက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာ ခင်သီတာ ကို ယနေ့မှစ၍ အတည်ပြုခန့်ထားလိုက်သည်။

အမိန့်အရ

အောင်လင်းဒွေး
ဒုတိယဗိုလ်ချုပ်ကြီး
အတွင်းရေးမှူး
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

**အမိန့်ကြော်ငြာစာအမှတ် (၁၈၅/၂၀၂၁)**

၁၃၈၃ ခုနှစ်၊ နယုန်လဆန်း ၇ ရက်

(၂၀၂၁ ခုနှစ်၊ ဇွန်လ ၁၆ ရက်)

**ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးအား တာဝန်မှအငြိမ်းစားပေးခြင်း**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာနတွင် တွဲဖက်တာဝန်ပေးအပ်ထားသော ညွှန်ကြားရေးမှူးချုပ် ဦးဇော်ဌေး အား ယနေ့မှစ၍ တာဝန်မှအငြိမ်းစားပေးလိုက်သည်။

အမိန့်အရ

အောင်လင်းဒွေး
ဒုတိယဗိုလ်ချုပ်ကြီး
အတွင်းရေးမှူး
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

**အမိန့်ကြော်ငြာစာအမှတ် (၁၈၆/၂၀၂၁)**

၁၃၈၃ ခုနှစ်၊ နယုန်လဆန်း ၈ ရက်

(၂၀၂၁ ခုနှစ်၊ ဇွန်လ ၁၇ ရက်)

**နိုင်ငံခြားသားများကြီးကြပ်စောင့်ရှောက်ရေးဗဟိုကော်မတီ ဒုတိယဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ ပြင်ဆင်ဖြည့်စွက်ဖွဲ့စည်းခြင်း**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ၂၀၂၁ ခုနှစ်၊ မတ်လ ၈ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၃၈/၂၀၂၁ ဖြင့် ဖွဲ့စည်းခဲ့သော **နိုင်ငံခြားသားများကြီးကြပ်စောင့်ရှောက်ရေးဗဟိုကော်မတီ** တွင် အပြည်ပြည်ဆိုင်ရာပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးကို အဖွဲ့ဝင်အဖြစ်ဖြည့်စွက်၍ ဒုတိယဥက္ကဋ္ဌနှင့် အဖွဲ့ဝင်တို့ကို အောက်ပါအတိုင်း ပြင်ဆင်ဖွဲ့စည်းလိုက်သည်-

| | | | |
|---|---|---|---|
| (၁) | ဒုတိယဥက္ကဋ္ဌ<br>ပြည်ထောင်စုဝန်ကြီး<br>ပြည်ထဲရေးဝန်ကြီးဌာနနှင့်<br>ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန | **အစား** | ဒုတိယဥက္ကဋ္ဌ<br>ပြည်ထောင်စုဝန်ကြီး<br>ပြည်ထဲရေးဝန်ကြီးဌာန |

| | | | |
|---|---|---|---|
| (၂) | အဖွဲ့ဝင်<br>ဒုတိယဝန်ကြီး<br>စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန | **အစား** | အဖွဲ့ဝင်<br>ဒုတိယဝန်ကြီး<br>စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန |

အမိန့်အရ

အောင်လင်းဒွေး
ဒုတိယဗိုလ်ချုပ်ကြီး
အတွင်းရေးမှူး
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

## အမိန့်ကြော်ငြာစာအမှတ် (၁၈၇/၂၀၂၁)

၁၃၈၃ ခုနှစ်၊ နယုန်လဆန်း ၉ ရက်

(၂၀၂၁ ခုနှစ်၊ ဇွန်လ ၁၈ ရက်)

### တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီ အတွင်းရေးမှူး တာဝန်ပေးအပ်ခြင်း

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ၂၀၂၁ ခုနှစ်၊ ဧပြီလ ၆ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၉၉/၂၀၂၁ ဖြင့် ဖွဲ့စည်းခဲ့သော **တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီ** တွင် အဖွဲ့ဝင် ဒုတိယဝန်ကြီး၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနကို အတွင်းရေးမှူးအဖြစ် ဖွဲ့စည်း တာဝန်ပေးအပ်လိုက်သည်။

အမိန့်အရ

အောင်လင်းဒွေး
ဒုတိယဗိုလ်ချုပ်ကြီး
အတွင်းရေးမှူး
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## ပြည်ထောင်စုတရားလွှတ်တော်ချုပ်

## အမိန့်ကြော်ငြာစာအမှတ် (၄၄၀/၂၀၂၁)

၁၃၈၃ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၇ ရက်

(၂၀၂၁ ခုနှစ်၊ ဇွန်လ ၁ ရက်)

ခရစ်ယာန်ထိမ်းမြားခြင်းဆိုင်ရာအက်ဥပဒေပုဒ်မ ၆ အရ ခရစ်ယာန်ဘာသာဝင်အချင်းချင်းကိုသော်လည်းကောင်း၊ ခရစ်ယာန်ဘာသာဝင်တစ်ဦးနှင့် အခြားဘာသာဝင်တစ်ဦးဦးကိုသော်လည်းကောင်း ထိမ်းမြားပေးနိုင်ခွင့်လိုင်စင်နှင့် ခရစ်ယာန်ထိမ်းမြားခြင်းဆိုင်ရာအက်ဥပဒေပုဒ်မ ၉ အရ နိုင်ငံရင်းသားခရစ်ယာန်ဘာသာဝင်အချင်းချင်း ထိမ်းမြားပေးနိုင်ခွင့်လိုင်စင်တို့ကို ရှမ်းပြည်နယ်၊ တောင်ကြီးမြို့၊ ရေအေးကွင်းရပ်ကွက်၊ နယ်မြေ (၁၀)၊ ရေထွက်ဦးလမ်း၊ အမှတ် (၁၆၃/၁၀) နေ ကချင်နှစ်ခြင်းခရစ်ယာန်အသင်းတော်၊ သိက္ခာတော်ရဆရာတော် ဦးအမ်ယောန (သင်းအုပ်ကြီး) အား ထုတ်ပေးလိုက်သည်။

ထွန်းထွန်းဦး
ပြည်ထောင်စုတရားသူကြီးချုပ်
ပြည်ထောင်စုတရားလွှတ်တော်ချုပ်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## ပြည်ထောင်စုတရားလွှတ်တော်ချုပ်

**အမိန့်ကြော်ငြာစာအမှတ် (၄၄၇/၂၀၂၁)**

နေပြည်တော်၊ ၁၃၈၃ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၇ ရက်

(၂၀၂၁ ခုနှစ်၊ ဇွန်လ ၁ ရက်)

### ပြည်ထောင်စုတရားလွှတ်တော်ချုပ် အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးအဖွဲ့ ဖွဲ့စည်းခြင်း

၁။ ပြည်ထောင်စုတရားလွှတ်တော်ချုပ်သည် တရားစီရင်ရေးဆိုင်ရာနယ်ပယ်တွင် အဂတိကင်းရှင်းစွာဖြင့် လုပ်ငန်းများအကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်နှင့် ပြည်သူလူထု၏ လိုအပ်ချက်များ ပိုမိုပြည့်စုံကောင်းမွန်စွာ ဖြည့်ဆည်းဆောင်ရွက်ပေးနိုင်ရန်ရည်ရွယ်လျက် ပြည်ထောင်စုတရားလွှတ်တော်ချုပ်၏ အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးအဖွဲ့ (CPU) (Corruption Prevention Unit) ကို အောက်ပါပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းတာဝန်ပေးအပ်လိုက်သည်-

| စဉ် | အမည်၊ ရာထူး၊ ဌာန | တာဝန် |
|---|---|---|
| (က) | ဦးဇော်မင်းအောင်<br>ဒုတိယညွှန်ကြားရေးမှူးချုပ်<br>(စီမံ/ထောက်ပံ့/လေ့ကျင့်) | အဖွဲ့ခေါင်းဆောင် |
| (ခ) | ဒေါ်သီမာနွယ်<br>ဒုတိယညွှန်ကြားရေးမှူးချုပ်<br>(တရားစီရင်ရေး) | ဒုတိယအဖွဲ့ခေါင်းဆောင် |
| (ဂ) | ဦးမင်းအောင်<br>ညွှန်ကြားရေးမှူး<br>စီမံရေးရာဌာန | အဖွဲ့ဝင် |
| (ဃ) | ဦးထွန်းထွန်းဦး<br>ညွှန်ကြားရေးမှူး<br>သတင်းပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဌာန | အဖွဲ့ဝင် |
| (င) | ဦးကျော်ကျော်မိုး<br>ဒုတိယညွှန်ကြားရေးမှူး<br>သတင်းပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဌာန | အဖွဲ့ဝင် |
| (စ) | ဦးမောင်မောင်သက်လွင်<br>လက်ထောက်ညွှန်ကြားရေးမှူး<br>စီမံရေးရာဌာန | အဖွဲ့ဝင် |
| (ဆ) | ဦးကျော်နိုင်လတ်<br>ဒုတိယညွှန်ကြားရေးမှူး<br>စီမံရေးရာဌာန | အတွင်းရေးမှူး |

၂။ ပြည်ထောင်စုတရားလွှတ်တော်ချုပ် အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးအဖွဲ့ (CPU) ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) လာဘ်ပေးလာဘ်ယူမှုနှင့်သက်ဆိုင်သော အဂတိလိုက်စားမှုပြဿနာများကို လေ့လာစိစစ်ဖော်ထုတ်ရန်၊

(ခ) ပြည်ထောင်စုတရားလွှတ်တော်ချုပ်မှ အခါအားလျော်စွာ ထုတ်ပြန်သည့် အဂတိလိုက်စားမှုနှင့် သက်ဆိုင်သောညွှန်ကြားချက်များကို ဝန်ထမ်းအားလုံး သိရှိလိုက်နာနိုင်ရေး ပညာပေးဆောင်ရွက်ရန်၊

(ဂ) လာဘ်ပေးလာဘ်ယူမှု တားဆီးကာကွယ်ရာတွင် လိုအပ်ပါက ဌာနတွင်းပြုပြင်ပြောင်းလဲမှုများ လုပ်ဆောင်နိုင်ရေး သုံးသပ်အကြံပြုရန်၊

(ဃ) အဂတိလိုက်စားနိုင်ခြေ အန္တရာယ်ရှိမှုနှင့်စပ်လျဉ်း၍ လာဘ်ပေးလာဘ်ယူမှုပြုနိုင်စေရန် အခွင့်သာစေသည့် ညွှန်ကြားချက်များ၊ လုပ်ထုံးလုပ်နည်းများ ပြင်ဆင်နိုင်ရေး စိစစ်တင်ပြရန်၊

(င) အဂတိလိုက်စားမှုနှင့်ပတ်သက်၍ တိုင်ကြားလာပါက ပြည်ထောင်စုတရားသူကြီးချုပ်ထံတင်ပြ၍ လမ်းညွှန်ချက်နှင့်အညီ အရေးယူဆောင်ရွက်သွားရန်။

၃။ ပြည်ထောင်စုတရားလွှတ်တော်ချုပ် အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးအဖွဲ့ (CPU) သည် အဂတိလိုက်စားမှုများ မဖြစ်ပေါ်စေရေးအတွက် တားဆီးကာကွယ်ခြင်း၊ အသိပညာပေးခြင်း၊ အဂတိလိုက်စားမှု ပေါ်ပေါက်လာပါက နိုင်ငံ့ဝန်ထမ်းဥပဒေ၊ နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများနှင့်အညီ စစ်ဆေးအရေးယူဆောင်ရွက်နိုင်ရန် အစီရင်ခံတင်ပြခြင်းအားဖြင့် လုပ်ငန်းတာဝန်များကို အချိန်နှင့်တစ်ပြေးညီ ထိရောက်လျင်မြန်စွာ ပေါင်းစပ်ညှိနှိုင်း အကောင်အထည်ဖော် ဆောင်ရွက်သွားရမည်ဖြစ်သည်။

ထွန်းထွန်းဦး
ပြည်ထောင်စုတရားသူကြီးချုပ်
ပြည်ထောင်စုတရားလွှတ်တော်ချုပ်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## ပြည်ထောင်စုတရားလွှတ်တော်ချုပ်

### အမိန့်ကြော်ငြာစာအမှတ် (၄၅၀/၂၀၂၁)

၁၃၈၃ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၉ ရက်
(၂၀၂၁ ခုနှစ်၊ ဇွန်လ ၃ ရက်)

ပြည်ထောင်စုတရားလွှတ်တော်ချုပ်သည် ပြည်ထောင်စုတရားစီရင်ရေးဥပဒေပုဒ်မ ၆၄ နှင့်အညီ အောက်ဖော်ပြပါ ပထမတန်းရာဇဝတ်အာဏာရ မြို့နယ်တရားသူကြီးနှင့် တွဲဖက်မြို့နယ်တရားသူကြီးများအား ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၃၀ အရ အထူးရာဇဝတ်အာဏာအပ်နှင်းလိုက်သည်-

| အမှတ်စဉ် | အမည်နှင့် ကိုယ်ပိုင်အမှတ် | တာဝန်ထမ်းဆောင်သည့် မြို့နယ်တရားရုံး |
|---|---|---|
| ၁။ | ဦးနေစိုးဦး<br>တ/၃၂၂၂ | ညောင်တုန်း<br>ဧရာဝတီတိုင်းဒေသကြီး |
| ၂။ | ဦးစိုးသီဟကျော်<br>တ/၃၂၈၈ | ဟုမ္မလင်း<br>စစ်ကိုင်းတိုင်းဒေသကြီး |
| ၃။ | ဒေါ်စုသက်ငုံ<br>တ/၃၄၀၉ | အောင်မြေသာစံ<br>မန္တလေးတိုင်းဒေသကြီး |
| ၄။ | ဒေါ်မေစုစုအောင်<br>တ/၃၄၅၇ | ကျိုင်းတုံ<br>ရှမ်းပြည်နယ် |

ထွန်းထွန်းဦး
ပြည်ထောင်စုတရားသူကြီးချုပ်
ပြည်ထောင်စုတရားလွှတ်တော်ချုပ်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## ပြည်ထောင်စုတရားလွှတ်တော်ချုပ်

**အမိန့်ကြော်ငြာစာအမှတ် (၄၅၁/၂၀၂၁)**

၁၃၈၃ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၉ ရက်

(၂၀၂၁ ခုနှစ်၊ ဇွန်လ ၃ ရက်)

ပြည်ထောင်စုတရားလွှတ်တော်ချုပ်သည် ပြည်ထောင်စုတရားစီရင်ရေးဥပဒေပုဒ်မ ၆၄ နှင့်အညီ လင်းခေးမြို့နယ်တရားရုံးမှ ဒုတိယတန်းရာဇဝတ်အာဏာရ ဒုတိယမြို့နယ်တရားသူကြီး (မြို့နယ်တရားသူကြီး တာဝန်) ဦးဟိန်းလွင်ထူး (တ/၃၆၁၅) အား ပထမတန်းရာဇဝတ်အာဏာနှင့် ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၁၀၈၊ ၁၁၀၊ ၁၄၃၊ ၁၈၆၊ ၁၉၀၊ ၁၉၂၊ ၂၆၀၊ ၄၀၇၊ ၅၂၄ တို့အရ စစ်ဆေးနိုင်သည့် ရာဇဝတ်အာဏာ အပ်နှင်းလိုက်သည်။

ထွန်းထွန်းဦး

ပြည်ထောင်စုတရားသူကြီးချုပ်

ပြည်ထောင်စုတရားလွှတ်တော်ချုပ်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီ

**အမိန့်ကြော်ငြာစာအမှတ် (၅၆/၂၀၂၁)**

၁၃၈၃ ခုနှစ်၊ တန်ခူးလဆန်း ၁၁ ရက်

(၂၀၂၁ ခုနှစ်၊ ဧပြီလ ၂၂ ရက်)

### အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ ပြန်လည်ထူထောင်ရေးလုပ်ငန်းကော်မတီ

၁။ အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီသည် **အသက်မွေးဝမ်းကျောင်း လုပ်ငန်းများ ပြန်လည်ထူထောင်ရေးလုပ်ငန်းကော်မတီ** ကို အောက်ပါအတိုင်း ပြင်ဆင်ဖွဲ့စည်းလိုက်သည်–

(က) ပြည်ထောင်စုဝန်ကြီး ဥက္ကဋ္ဌ
စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန

( ခ ) အမြဲတမ်းအတွင်းဝန် ဒုတိယဥက္ကဋ္ဌ
စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန

( ဂ ) ညွှန်ကြားရေးမှူးချုပ် အဖွဲ့ဝင်
အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန
ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန

(ဃ) ညွှန်ကြားရေးမှူးချုပ် အဖွဲ့ဝင်
နယ်စပ်ရေးရာဝန်ကြီးဌာန

( င ) ညွှန်ကြားရေးမှူးချုပ် အဖွဲ့ဝင်
စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန

( စ ) ညွှန်ကြားရေးမှူးချုပ် အဖွဲ့ဝင်
အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန

(ဆ) ညွှန်ကြားရေးမှူးချုပ် အဖွဲ့ဝင်
စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန

( ဇ ) ဒုတိယညွှန်ကြားရေးမှူးချုပ် အဖွဲ့ဝင်
ငါးလုပ်ငန်းဦးစီးဌာန
စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန

(ဈ) ညွှန်ကြားရေးမှူး အဖွဲ့ဝင်
စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန

(ည) ညွှန်ကြားရေးမှူး အဖွဲ့ဝင်
သမဝါယမဦးစီးဌာန
စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန

(ဋ) ညွှန်ကြားရေးမှူး အဖွဲ့ဝင်
လူမှုဝန်ထမ်းဦးစီးဌာန
လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန

(ဌ) ညွှန်ကြားရေးမှူး အဖွဲ့ဝင်
ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာန
လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန

(ဍ) ဥက္ကဋ္ဌ အဖွဲ့ဝင်
မြန်မာနိုင်ငံစက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်

(ဎ) ညွှန်ကြားရေးမှူးချုပ် အတွင်းရေးမှူး
ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန
စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန

(ဏ) ဒုတိယညွှန်ကြားရေးမှူးချုပ် တွဲဖက်အတွင်းရေးမှူး
မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန
စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန

၂။ အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ ပြန်လည်ထူထောင်ရေးလုပ်ငန်းကော်မတီ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) နိုင်ငံတစ်ဝန်း ဒေသအလိုက်ဖြစ်ပွားနိုင်သည့်သဘာဝဘေးအန္တရာယ်များနှင့်ဒေသ၏အသက်မွေးဝမ်းကျောင်းလုပ်ငန်းများကို လေ့လာဆန်းစစ်ဖော်ထုတ်ထားရန်၊

(ခ) အသက်မွေးဝမ်းကျောင်းလုပ်ငန်းကဏ္ဍအလိုက် ပြန်လည်ထူထောင်ရေးအစီအမံများ ကြိုတင်ရေးဆွဲထားရှိရန်၊

(ဂ) ဒေသအလိုက်၊ ရာသီကာလအလိုက် သဘာဝဘေးအန္တရာယ် ဖြစ်ပွားနိုင်မှုအခြေအနေပေါ်မူတည်၍ လုပ်ကိုင်ဆောင်ရွက်သင့်သည့် အသက်မွေးဝမ်းကျောင်းလုပ်ငန်းများကို ပြည်သူသို့ အကြံပေးရန်၊ လိုအပ်ပါက နည်းပညာပံ့ပိုးပေးရန်၊ သင်တန်းများပေးရန်၊ (ဥပမာ- ရေနက်ကွင်းများတွင် စိုက်ပျိုးနိုင်သည့် မျိုးစပါးများ/ရေဒဏ်ခံနိုင်သည့် မျိုးစပါးများ စိုက်ပျိုးခြင်း၊ ရေကြီးနိုင်သည့်ဒေသတွင် ကြက်မွေးမြူရေးလုပ်ငန်းအစား ရေတွင်အသက်ရှင်နိုင်သည့် ဘဲမွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်ခြင်း)

(ဃ) ဘေးသင့်ဒေသတွင် စိုက်ပျိုးရေးလုပ်ငန်း၊ မွေးမြူရေးလုပ်ငန်းနှင့် အခြားသက်မွေးဝမ်းကျောင်းလုပ်ငန်းများကို ပုံမှန်ပြန်လည်လုပ်ကိုင်နိုင်ရေးအတွက် ရင်းနှီးမတည်ပေးနိုင်ရေး၊ နည်းပညာပံ့ပိုးပေးရေး၊ လုပ်ငန်းလည်ပတ်နိုင်ရေးတို့အတွက် ကြိုတင်စီမံဆောင်ရွက်ထားရန်၊

(င) ပြန်လည်ထူထောင်ရေးအပိုင်းတွင် အစောပိုင်းကာလပြန်လည်ထူထောင်ရေးနှင့် ရေရှည်ပြန်လည်ထူထောင်ပေးရမည့်အပိုင်းဟူ၍ ခွဲခြားသတ်မှတ်ဆောင်ရွက်ရန်၊

(စ) ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် စိုက်ပျိုးရေး၊ မွေးမြူရေး၊ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေး စသည့် ကဏ္ဍများတွင် ဝန်ကြီးဌာနများ၊ တိုင်းဒေသကြီး/ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီများ၊ ပညာရှင်အဖွဲ့အစည်းများ၊ UN,INGOs,NGOs အဖွဲ့အစည်းများ၊ စီးပွားရေးလုပ်ငန်းရှင်ကြီးများနှင့် ချိတ်ဆက်ပူးပေါင်းဆောင်ရွက်ရန်၊

(ဆ) သဘာဝဘေးအန္တရာယ်ကြောင့် ကွဲကွာသွားသောမိသားစုများ ပြန်လည်ပေါင်းစည်းရေးနှင့် စိတ်ပိုင်းဆိုင်ရာ ထိခိုက်ခံစားရသူများအား စိတ်ဓာတ်ပြန်လည်မြှင့်တင်ပြီး လူမှုအဖွဲ့အစည်းတွင် ပြန်လည်ဝင်ဆံ့နိုင်ရေး ဆောင်ရွက်ပေးရန်၊

(ဇ) ဘေးသင့်သူများအတွက် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးရာတွင် ဘေးသင့်ဒေသများ၌ ရေရှည်တည်မြဲစေမည့် ဒေသဖွံ့ဖြိုးရေးကို အထောက်အကူဖြစ်စေမည့် အလုပ်အကိုင်အခွင့်အလမ်းများရရှိလာစေရေးအတွက် ဆောင်ရွက်ပေးရန်၊

(ဈ) ဘေးသင့်ပြည်သူများ၏ လူနေမှုဘဝကို မူလအခြေအနေရောက်သည်အထိ ထူထောင်ပေးပြီး ထိုသို့မူလအခြေအနေရောက်သည်အထိ ထူထောင်ပြီးပါက နိုင်ငံတော်၏ မူလဖွံ့ဖြိုးရေးစီမံချက်ပါအတိုင်း ပြည့်မီအောင်ထူထောင်ပေးရန်၊

(ည) ပြန်လည်ထူထောင်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများဆောင်ရွက်ရာတွင် သဘာဝဘေးလျှော့ပါးရေးလုပ်ငန်းစဉ်များ ထည့်သွင်းပေါင်းစပ်ဆောင်ရွက်ရန်၊ (မူလဖွံ့ဖြိုးရေးလုပ်ငန်းများတွင် ဘဘာဝဘေးအန္တရာယ်ကို ခံနိုင်ရည်ရှိသောလူသားအရင်းအမြစ်နှင့် အခြေခံအဆောက်အအုံများကို ထည့်သွင်းတွက်ချက်တည်ဆောက်ခဲ့ပါက အန္တရာယ်ဖြစ်ပွားလွယ်မှုလျှော့နည်းပြီး ထိခိုက်ဆုံးရှုံးနိုင်ခြေကို လျှော့ချနိုင်ကာ ပြန်လည်ထူထောင်ရေးကိစ္စရပ်တွင်လည်း လွယ်ကူစွာဆောင်ရွက်နိုင်မည်ဖြစ်သည်။)

(ဋ) ဘေးသင့်ဒေသများ၏ ကုန်စည်စီးဆင်းမှု ပုံမှန်ပြန်လည်ဖြစ်စေရေးအတွက် ဆောင်ရွက်ပေးရန်၊

(ဌ) ကော်မတီ၏လုပ်ငန်းစီမံချက်ကို ခေတ်ကာလနှင့်လျော်ညီမှုရှိစေရေး အခါအားလျော်စွာ သုံးသပ်ပြင်ဆင်ဆောင်ရွက်ရန်၊

(ဍ) ကော်မတီ၏ လုပ်ငန်းဆောင်ရွက်ချက်များကို မှတ်တမ်းပြုစုထားရှိရန်နှင့် (၃) လတစ်ကြိမ် အစီရင်ခံစာကို အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီသို့ တင်ပြသွားရန်၊

(ဎ) အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီမှ အခါအားလျော်စွာ ပေးအပ်သည့်တာဝန်များကို ဆောင်ရွက်သွားရန်။

၃။ အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီ၏ ၂၀၁၆ ခုနှစ်၊ ဇူလိုင်လ ၂၅ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် (၁၂/၂၀၁၆) ကို ဤအမိန့်ကြော်ငြာစာဖြင့် လွှမ်းမိုးပယ်ဖျက်လိုက်သည်။

## အမိန့်ကြော်ငြာစာအမှတ် (၅၇/၂၀၂၁)

## သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းကော်မတီ

၁။ အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီသည် **သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းကော်မတီ** ကို အောက်ပါအတိုင်း ပြင်ဆင်ဖွဲ့စည်းလိုက်သည်–

(က) ပြည်ထောင်စုဝန်ကြီး — ဥက္ကဋ္ဌ
သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန

(ခ) အမြဲတမ်းအတွင်းဝန် — ဒုတိယဥက္ကဋ္ဌ
သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန

(ဂ) ညွှန်ကြားရေးမှူးချုပ် အဖွဲ့ဝင်
ပြည်ထဲရေးဝန်ကြီးဌာန

(ဃ) ညွှန်ကြားရေးမှူးချုပ် အဖွဲ့ဝင်
ပြန်ကြားရေးဝန်ကြီးဌာန

(င) ညွှန်ကြားရေးမှူးချုပ် အဖွဲ့ဝင်
စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန

(စ) ညွှန်ကြားရေးမှူး အဖွဲ့ဝင်
ရေအရင်းအမြစ်နှင့် မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန
ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန

(ဆ) ညွှန်ကြားရေးမှူး အဖွဲ့ဝင်
ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာန
လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန

(ဇ) ညွှန်ကြားရေးမှူးချုပ် အတွင်းရေးမှူး
ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန
သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန

(ဈ) ဒုတိယညွှန်ကြားရေးမှူးချုပ် တွဲဖက်အတွင်းရေးမှူး
သစ်တောဦးစီးဌာန
သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန

၂။ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းကော်မတီ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

(က) နိုင်ငံတစ်ဝန်း ဒေသအလိုက်ဖြစ်ပွားနိုင်သည့် သဘာဝဘေးအန္တရာယ်များနှင့် ထိုသဘာဝဘေးအန္တရာယ်များကြောင့် သဘာဝပတ်ဝန်းကျင် ပျက်စီးဆုံးရှုံးနိုင်မှုအခြေအနေများကို လေ့လာဆန်းစစ်ဖော်ထုတ်ထားရန်၊

(ခ) ရာသီဥတုပြောင်းလဲခြင်းကြောင့် ဖြစ်ပေါ်နိုင်သည့် သဘာဝပတ်ဝန်းကျင် ပျက်စီးယိုယွင်းနိုင်မှုအခြေအနေများကို လေ့လာဆန်းစစ်ဖော်ထုတ်ပြီး ကြိုတင်ကာကွယ်မှုအစီအမံများ ချမှတ်ဆောင်ရွက်ရန်၊

(ဂ) ရာသီဥတုပြောင်းလဲမှုနှင့် လိုက်လျောညီထွေစွာနေထိုင်ရေးနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ အသိပညာပေးမှုအစီအစဉ်များ ကျယ်ကျယ်ပြန့်ပြန့်ဆောင်ရွက်ရန်၊

(ဃ) သဘာဝဘေးအန္တရာယ်မကျရောက်မီ တိုင်းဒေသကြီး/ပြည်နယ်၊ ခရိုင်၊ မြို့နယ်များအလိုက် ကြိုတင်ကာကွယ်ဆောင်ရွက်မှုလုပ်ငန်းများအဖြစ် သဘာဝသစ်တောများ၊ ဒီရေတောများ ပြုစုထိန်းသိမ်းခြင်း၊ အကြောင်းအမျိုးမျိုးဖြင့် ပျက်စီးနေသော သဘာဝတောများ၊ ဒီရေတောများ ပြန်လည်ပြုစုစိုက်ပျိုးခြင်း လုပ်ငန်းများဆောင်ရွက်ရန်၊

(င) သဘာဝဘေးအန္တရာယ်ကြောင့် သစ်တောကြိုးဝိုင်း/ကြိုးပြင်ကာကွယ်တောများ၊ စိုက်ခင်းများ၊ ပျိုးဥယျာဉ်များ ပျက်စီးဆုံးရှုံးမှုစာရင်းပြုစု၍ ပြန်လည်ထိန်းသိမ်းပြုစုနိုင်ရေး၊ တည်ထောင်နိုင်ရေး စီမံချက်ရေးဆွဲဆောင်ရွက်ရန်၊

(စ) နေ့စဉ် ထင်း၊ မီးသွေး သုံးစွဲမှုများကို လျှော့ချနိုင်ရေးအတွက် နည်းလမ်းရှာဖွေပြီး သစ်တောပြုန်းတီးမှု ထိန်းသိမ်းနိုင်ရေး ဆောင်ရွက်ရန်၊

(ဆ) သဘာဝဘေးအန္တရာယ်ကြောင့် သစ်တော၊ သစ်ပင်များ လဲပြိုပျက်စီးခြင်းရှိပါက အမြန်ဆုံးထုတ်လုပ်ရေး အတွက် ဆောင်ရွက်ရန်၊

(ဇ) သဘာဝဘေးအန္တရာယ်ကြောင့် သစ်တောသယံဇာတဆုံးရှုံးမှုများကို ဒေသခံသစ်တောဝန်ထမ်းများ၊ သုတေသနအဖွဲ့၊ ကျွမ်းကျင်ပညာရှင်များပါဝင်သည့်အဖွဲ့ဖြင့် ဖွဲ့စည်း၍ ကွင်းဆင်းစစ်ဆေးစာရင်းပြုစုပြီး တွေ့ရှိချက်များကို အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီသို့ တင်ပြရန်၊

(ဈ) ကော်မတီ၏လုပ်ငန်းစီမံချက်ကို ခေတ်ကာလနှင့်လျော်ညီမှုရှိစေရေး အခါအားလျော်စွာ သုံးသပ်ပြင်ဆင် ဆောင်ရွက်ရန်၊

(ည) ကော်မတီ၏ လုပ်ငန်းဆောင်ရွက်ချက်များကို မှတ်တမ်းပြုစုထားရှိရန်နှင့် (၃) လတစ်ကြိမ် အစီရင်ခံစာကို အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီသို့ တင်ပြသွားရန်၊

(ဋ) အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီမှ အခါအားလျော်စွာ ပေးအပ်သည့်တာဝန် များကို ဆောင်ရွက်သွားရန်။

၃။ အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီ၏ ၂၀၁၆ ခုနှစ်၊ ဇူလိုင်လ ၂၅ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၁၃/၂၀၁၆ ကို ဤအမိန့်ကြော်ငြာစာဖြင့် လွှမ်းမိုးပယ်ဖျက်လိုက်သည်။

**အမိန့်ကြော်ငြာစာအမှတ် (၇၉/၂၀၂၁)**

၁၃၈၃ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၃ ရက်

(၂၀၂၁ ခုနှစ်၊ မေလ ၂၈ ရက်)

အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီ၏ ၂၀၂၁ ခုနှစ်၊ ဧပြီလ ၂၂ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၅၁/၂၀၂၁ ဖြင့် ဖွဲ့စည်းခဲ့သော **ပို့ဆောင်ဆက်သွယ်ရေးလုပ်ငန်းကော်မတီ** တွင် ဦးဆောင်ညွှန်ကြားရေးမှူး၊ မြန်မာ့ရေနံထွက်ပစ္စည်းရောင်းဝယ်ရေးလုပ်ငန်း **အစား** ညွှန်ကြားရေးမှူးချုပ်၊ ရေနံထွက်ပစ္စည်းကြီးကြပ်စစ်ဆေးရေးဦးစီးဌာနအား အဖွဲ့ဝင်အဖြစ် ပြင်ဆင်ဖွဲ့စည်းလိုက်သည်။

ဥက္ကဋ္ဌ (ကိုယ်စား)
အောင်ထွန်းခိုင်၊ ဒုတိယဝန်ကြီး
အတွင်းရေးမှူး
အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

**စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန**

**(ပြည်ထောင်စုဝန်ကြီးရုံး)**

**အမိန့်ကြော်ငြာစာအမှတ် (၄၉/၂၀၂၁)**

၁၃၈၃ ခုနှစ်၊ ကဆုန်လဆန်း ၄ ရက်

(၂၀၂၁ ခုနှစ်၊ မေလ ၁၄ ရက်)

စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနသည် စာရင်းအင်းဥပဒေပုဒ်မ ၅၅၊ ပုဒ်မခွဲ (က) အရ အပ်နှင်း ထားသော လုပ်ပိုင်ခွင့်ကိုကျင့်သုံး၍ ဤနည်းဥပဒေများကို ထုတ်ပြန်လိုက်သည်။

**အခန်း(၁)**

**အမည်နှင့် အဓိပ္ပာယ်ဖော်ပြချက်များ**

၁။ ဤနည်းဥပဒေများကို **စာရင်းအင်းနည်းဥပဒေများ** ဟု ခေါ်တွင်စေရမည်။

၂။ ဤနည်းဥပဒေများတွင်ပါရှိသော စကားရပ်များသည် စာရင်းအင်းဥပဒေတွင် ပါရှိသည့်အတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည်။ ထို့ပြင် အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည်-

(က) **ဥပဒေ** ဆိုသည်မှာ စာရင်းအင်းဥပဒေကို ဆိုသည်။

(ခ) **ကုလသမဂ္ဂ တရားဝင်စာရင်းအင်းဆိုင်ရာ အခြေခံစည်းမျဉ်းများ (UN Fundamental Principles of Official Statistics)** ဆိုသည်မှာ အမျိုးသားစာရင်းအင်းစနစ်တွင် ပါဝင်ပတ်သက်သူအားလုံးက စိစစ်လေ့လာသုံးသပ်ရန်နှင့် အဆုံးအဖြတ်များချမှတ်ရာတွင် ယုံကြည်စိတ်ချရသည့် သတင်းအချက်အလက်များ စဉ်ဆက်မပြတ်ရရှိစေရန်အလို့ငှာ လိုက်နာကျင့်သုံးရမည့် ကုလသမဂ္ဂစာရင်းအင်းကော်မရှင်က တရားဝင်ချမှတ်ထားသော စာရင်းအင်းဆိုင်ရာ အခြေခံစည်းမျဉ်းများကို ဆိုသည်။

(ဂ) **တရားဝင်စာရင်းအင်းများနှင့်သက်ဆိုင်သော နှစ်စဉ်လုပ်ငန်းအစီအစဉ်** ဆိုသည်မှာ အမျိုးသားစာရင်းအင်းစနစ်အတွင်း တာဝန်ရှိသည့် အဖွဲ့အစည်းက နှစ်စဉ်တာဝန်ယူဆောင်ရွက်ရမည့် စာရင်းအင်းဆိုင်ရာ လုပ်ငန်းစဉ်ကို ဆိုသည်။

(ဃ) **အမျိုးသားညွှန်ကိန်းမူဘောင် (National Indicator Framework– NIF)** ဆိုသည်မှာ သတ်မှတ်ထားသော အရည်အသွေးဆိုင်ရာလိုအပ်ချက်များကို အခြေခံ၍ လူမှုရေးနှင့်စီးပွားရေးဆိုင်ရာ စီမံကိန်းနှင့် လေ့လာဆန်းစစ်မှုများ၊ ဆုံးဖြတ်ချက်နှင့် မူဝါဒချမှတ်ခြင်းများအတွက် လိုအပ်သည့်အဓိကစာရင်းအင်းများ သတ်မှတ်ရန်နှင့် ထုတ်ပြန်ရန်ချမှတ်ထားသည့် မူဘောင်ကို ဆိုသည်။

(င) **နည်းပညာပိုင်းဆိုင်ရာ ပြန်လည်သုံးသပ်ခြင်း (Technical Review)** ဆိုသည်မှာ စာရင်းအင်းဆိုင်ရာလုပ်ငန်းများ ဆောင်ရွက်မည့်အဖွဲ့အစည်းက ဦးစားပေးဆောင်ရွက်မည့် စာရင်းအင်းဆိုင်ရာလုပ်ငန်းစဉ်တစ်ခုချင်းအတွက် ဆောင်ရွက်ရသည့်အကြောင်း၊ စာရင်းအင်းဆိုင်ရာနည်းလမ်း၊ လုပ်ငန်းအချိန်ဇယားနှင့် စာရင်းကောက်ယူရာတွင်အသုံးပြုမည့် မေးခွန်းလွှာပုံစံ စသည်တို့ကို တစ်ပါတည်းပူးတွဲလျက် တင်ပြလာသည့်စီမံချက်များအား ပြန်လည်သုံးသပ်ခြင်းကို ဆိုသည်။

(စ) **ထုတ်ပြန်မှုအချိန်ဇယား (Release Calendar)** ဆိုသည်မှာ စာရင်းအင်းအချက်အလက်ပြုစုထုတ်ပြန်သည့် အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းက အများပြည်သူသို့ထုတ်ပြန်မည့် စာရင်းအင်းများကို ဖော်ပြထားသည့် နှစ်စဉ်လုပ်ငန်းအချိန်ဇယားကို ဆိုသည်။

(ဆ) **စာရင်းအင်းဆိုင်ရာဖွံ့ဖြိုးမှု အမျိုးသားအဆင့်မဟာဗျူဟာ (National Strategy for Development of Statistics – NSDS)** ဆိုသည်မှာ စာရင်းအင်းအသုံးပြုသူများ၏ လိုအပ်ချက်ပြည့်မီစေမည့် စာရင်းအင်းများကို ဦးစားပေးထုတ်ပြန်ပေးနိုင်ရန်အလို့ငှာ အမျိုးသားစာရင်းအင်းစနစ်အတွင်း ညှိနှိုင်းဆောင်ရွက်မှု၊ စုစည်းဆောင်ရွက်မှုနှင့် အကျိုးထိရောက်မှုများ ပိုမိုဖြစ်ပေါ်စေရေးအတွက် စာရင်းအင်းလုပ်ငန်းစွမ်းဆောင်ရည် ဖွံ့ဖြိုးတိုးတက်စေရန် ချမှတ်ထားသည့် ကာလလတ်မဟာဗျူဟာကို ဆိုသည်။

## အခန်း(၂)
## အခြေခံစည်းမျဉ်းများ

၃။ မြန်မာနိုင်ငံတွင် တရားဝင်စာရင်းအင်းများ ပြုစုတွက်ချက်ထုတ်ပြန်ရာ၌ အောက်ဖော်ပြပါ အခြေခံစည်းမျဉ်းများအတိုင်း ဆောင်ရွက်ရမည်-

(က) ယုံကြည်ကိုးစားနိုင်သည့် အမျိုးသားစာရင်းအင်းစနစ်ဖြစ်ပေါ်စေရေးအတွက် ကုလသမဂ္ဂတရားဝင်စာရင်းအင်းဆိုင်ရာ အခြေခံစည်းမျဉ်းများ **(UN Fundamental Principles of Official Statistics)** အတိုင်း လိုက်နာရန်၊

(ခ) တရားဝင်စာရင်းအင်းများအပေါ် အများပြည်သူယုံကြည်ကိုးစားမှု ရရှိစေရေးအတွက် စာရင်းအင်းများ ပြုစုတွက်ချက်ထုတ်ပြန်ရာတွင် ဓမ္မဓိဋ္ဌာန်ကျမှု၊ တိကျမှန်ကန်မှု၊ ကျိုးကြောင်းဆီလျော်မှု၊ အချိန်နှင့်တစ်ပြေးညီဖြစ်မှု၊ လျှို့ဝှက်လုံခြုံမှုနှင့် ပွင့်လင်းမြင်သာရှိမှုတို့အကြား ဘက်ညီမျှတမှုများ ဖြစ်ပေါ်စေရန်၊

(ဂ) အမျိုးသားစာရင်းအင်းစနစ်အတွင်း ညွှန်ကိန်းများတွက်ချက်ခြင်း၊ တွက်ချက်မှုနည်းလမ်းများ၊ အတိုင်းအတာများ၊ စံပြုသင်္ကေတများ၊ စာရင်းအင်းဆိုင်ရာစံနှုန်းများ၊ ကိန်းဂဏန်းအချက်အလက်များ စုစည်းထိန်းသိမ်းထုတ်ပြန်ခြင်းစသည့် စာရင်းကောက်ယူခြင်းဆိုင်ရာ နည်းလမ်းများဆောင်ရွက်ရာတွင် လုပ်ငန်းပိုင်းဆိုင်ရာ ကျွမ်းကျင်မှုနှင့် သိပ္ပံနည်းကျဆောင်ရွက်မှု (Professional and Scientific Consideration) တို့ကို အခြေခံရန်၊

(ဃ) လျှို့ဝှက်ထိန်းသိမ်းရမည့် အချက်အလက်များမှအပ နိုင်ငံသားအခွင့်အရေးအရသိရှိသင့်သောကိန်းဂဏန်းအချက်အလက်များကို ဥပဒေအရ လွယ်ကူစွာရရှိအသုံးပြုနိုင်ရေးအတွက် ပြုစုထုတ်ပြန်ပေးရန်၊

(င) စာရင်းအင်းအချက်အလက် ပြုစုထုတ်ပြန်သူများက စာရင်းအင်းဆိုင်ရာ လုပ်ငန်းစဉ်များအတွက် သတင်းအချက်အလက်များ ကောက်ယူစုစည်းရာတွင် မလိုအပ်ဘဲ တူညီသောလုပ်ငန်းရပ်များ ဆောင်ရွက်မိခြင်းမှ တတ်နိုင်သမျှရှောင်ကြဉ်ရန်၊

(စ) စာရင်းအင်းဆိုင်ရာလုပ်ငန်းစဉ်များတွင် ကောက်ယူစုစည်းထားသည့် တစ်ဦးတစ်ယောက်ချင်းစီ၏ လျှို့ဝှက်ထိန်းသိမ်းရမည့် အချက်အလက်များကို တိတိကျကျကာကွယ်ထိန်းသိမ်းရန်။

## အခန်း (၃)
## ဗဟိုစာရင်းအင်းအဖွဲ့၏ လုပ်ငန်းတာဝန်များ

၄။ ဗဟိုစာရင်းအင်းအဖွဲ့သည် ဗဟိုကော်မတီ၏ ရုံးလုပ်ငန်းတာဝန်များနှင့် စာရင်းအင်းဆိုင်ရာအကြီးအမှူး၏ လုပ်ငန်းတာဝန်များကို အကောင်အထည်ဖော်ဆောင်ရွက်ရမည်။

၅။ ဥပဒေပါပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် ဗဟိုစာရင်းအင်းအဖွဲ့သည် အောက်ပါတို့ကို ဆောင်ရွက်ရမည်-

(က) စာရင်းအင်းဆိုင်ရာလုပ်ငန်းစဉ်များကို အခြေခံစည်းမျဉ်းများနှင့်အညီ ဆောင်ရွက်နိုင်ရန် အမျိုးသားစာရင်းအင်းစနစ်တွင် ပါဝင်ပတ်သက်သူများနှင့် ညှိနှိုင်းခြင်း၊ အကောင်အထည်ဖော်ခြင်းနှင့် နည်းပညာပိုင်းဆိုင်ရာကူညီပေးခြင်း (Technical Assistance)၊

(ခ) စာရင်းအင်းအချက်အလက်များ ပိုမိုလျင်မြန်စွာကောက်ယူနိုင်ရေးနှင့် တရားဝင်စာရင်းအင်းများ စုစည်းတွက်ချက်ထုတ်ပြန်နိုင်ရေးအတွက် အီလက်ထရွန်နစ်အသုံးချ အချက်အလက်စနစ်(Electronic Database System) ထူထောင်ခြင်း၊ အကောင်အထည်ဖော်ခြင်း၊ ထိန်းသိမ်းခြင်း၊ ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ခြင်း၊

(ဂ) စာရင်းအင်းဆိုင်ရာ စံနှုန်းများသတ်မှတ်ခြင်း၊ သင်္ကေတများ ခွဲခြားသတ်မှတ်ခြင်းနှင့် ထိန်းသိမ်းခြင်းများကို ဗဟိုကော်မတီမှ ချမှတ်နိုင်ရန် အကူအညီပေးခြင်း၊

(ဃ) အမျိုးသားညွှန်ကိန်းမူဘောင် (National Indicator Framework – NIF) ကို အကောင်အထည်ဖော်ဆောင်ရွက်ခြင်းနှင့် စောင့်ကြည့်လေ့လာခြင်း၊

(င) အမျိုးသားစာရင်းအင်းစနစ်တွင် ပါဝင်ပတ်သက်သူများအား စာရင်းအင်းဆိုင်ရာ အသိပညာမြှင့်တင်ရေး ဆောင်ရွက်ခြင်း၊

(စ) စာရင်းအင်းဆိုင်ရာဖွံ့ဖြိုးမှု အမျိုးသားအဆင့် မဟာဗျူဟာ (NSDS) အကောင်အထည်ဖော်ရန် အမျိုးသားစာရင်းအင်းစနစ်တွင် ပါဝင်ပတ်သက်သူအားလုံးနှင့်အတူ ဆောင်ရွက်ခြင်း၊

(ဆ) လျှို့ဝှက်ထိန်းသိမ်းထားရမည့် အချက်အလက်များမှအပ သက်ဆိုင်ရာ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများ၊ အခြားသောအဖွဲ့အစည်းများနှင့် ညှိနှိုင်းဆောင်ရွက်မှု၊ ပူးပေါင်းဆောင်ရွက်မှုများပြုလုပ်၍ ထုတ်ပြန်သင့်သည့် အမျိုးသားစာရင်းအင်းစနစ်အတွင်းရှိတရားဝင်စာရင်းအင်းများကိုမီဒီယာမှတစ်ဆင့် ထုတ်ပြန်ခြင်း၊

(ဇ) နိုင်ငံတော်အစိုးရက မူဝါဒများချမှတ်ရာတွင် စာရင်းအင်းအချက်အလက်များ အသုံးပြုနိုင်ရန် အမျိုးသားစာရင်းအင်းစနစ်အတွင်းရှိ စာရင်းအချက်အလက်များကို စနစ်တကျ စိစစ်လေ့လာသုံးသပ်တင်ပြခြင်းနှင့် ဖွံ့ဖြိုးမှုတိုးတက်ရေးဆိုင်ရာ သုတေသနလုပ်ငန်းများ ဆောင်ရွက်ခြင်း၊

(ဈ) ဗဟိုကော်မတီသို့တင်ပြသည့် စီမံချက်များနှင့်စပ်လျဉ်း၍ ကြိုတင်ခွင့်ပြုချက်ပေးနိုင်ရန် နည်းပညာပိုင်းဆိုင်ရာ ပြန်လည်သုံးသပ်ခြင်း (Technical Review) နှင့် စောင့်ကြည့်လေ့လာခြင်း၊

(ည) အမျိုးသားစာရင်းအင်းစနစ်အတွက် စစ်တမ်းအချိန်ဇယား (Survey Calendar)၊ စာရင်းအင်းစာစောင်ထုတ်ပြန်မှုအချိန်ဇယား (Publication/ Release Calendar) နှင့် သင်တန်းအချိန်ဇယား (Training Calendar) များ ထုတ်ပြန်ခြင်း၊

(ဋ) စာရင်းအင်းအချက်အလက်ပြုစုထုတ်ပြန်သည့်ဌာနများ၏ ဥပဒေပါမူလလုပ်ငန်းများ တိုးတက်စေရေးနှင့် ဖြည့်စွက်ဆောင်ရွက်ရေးတို့အတွက် လုပ်ငန်းစွမ်းဆောင်ရည်နှင့် စာရင်းအင်းအရင်းအမြစ်ရရှိမှု အခြေအနေများကို စောင့်ကြည့်အကဲဖြတ်ခြင်း။

၆။ ဗဟိုစာရင်းအင်းအဖွဲ့သည် အီလက်ထရွန်နစ် အသုံးချအချက်အလက်စနစ် (Electronic Database System) ကို အသုံးပြု၍ အမျိုးသားစာရင်းအင်းစနစ်အတွင်း တွက်ချက်ရရှိသည့် အချက်အလက်များအားလုံးကို စုစည်းထိန်းသိမ်းထားရှိခြင်းဖြင့် တစ်နိုင်ငံလုံး၏ ကိန်းဂဏန်းအချက်အလက်များအား တစ်နေရာထဲတွင် ရယူနိုင်မည့်အချက်အချာနေရာ (One– Stop Data Hub) အဖြစ် ဆောင်ရွက်ရမည်။

၇။ ဗဟိုစာရင်းအင်းအဖွဲ့သည် စာရင်းအင်းအသုံးပြုသူများနှင့် တွက်ချက်ထုတ်ပြန်သူများအကြား ဆက်ဆံရေး (User–Provider Relationship) ပိုမိုကောင်းမွန်စေရေးကိစ္စရပ်များကို မြှင့်တင်ဆောင်ရွက်ရမည်။

## အခန်း (၄)
## စာရင်းအင်းဆိုင်ရာအကြီးအမှူး၏ လုပ်ငန်းတာဝန်များ

၈။ စာရင်းအင်းဆိုင်ရာအကြီးအမှူးသည် ဥပဒေပုဒ်မ ၁၁ အရ ပြဋ္ဌာန်းထားသော လုပ်ငန်းတာဝန်များကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင်–

(က) ဗဟိုကော်မတီက ချမှတ်ထားသောစာရင်းအင်းဆိုင်ရာဖွံ့ဖြိုးမှု အမျိုးသားအဆင့်မဟာဗျူဟာ (NSDS) အကောင်အထည်ဖော်ရေးကို ဦးစီးဆောင်ရွက်ရမည်။

(ခ) ဗဟိုကော်မတီက ဖွဲ့စည်းထားသည့် ကဏ္ဍအလိုက် စာရင်းအင်းလုပ်ငန်းအဖွဲ့များ၏ လုပ်ငန်းဆောင်ရွက်ချက်များနှင့် လုပ်ငန်းအစီအစဉ်များကို ကြီးကြပ်ရမည်။

(ဂ) အခြေခံစည်းမျဉ်းများနှင့်အညီ ချမှတ်ထားသည့် စာရင်းအင်းဆိုင်ရာစံသတ်မှတ်ချက်များ ပိုမိုအသုံးပြုလာစေရန် ဆောင်ရွက်ရမည်။

(ဃ) အမျိုးသားစာရင်းအင်းစနစ်အတွင်း တရားဝင်စာရင်းအင်းထုတ်ပြန်မှု အရည်အသွေးကို နှစ်စဉ်လေ့လာဆန်းစစ်ခြင်းနှင့် ပြန်လည်သုံးသပ်ခြင်းများ ပြုလုပ်၍ ကဏ္ဍအလိုက် လိုအပ်ချက်များကို ဗဟိုကော်မတီသို့ အကြံပြုတင်ပြရမည်။

(င) အမျိုးသားစာရင်းအင်းစနစ်အတွင်းရှိ ပါဝင်ပတ်သက်သူများ (Stakeholders) ထံမှ သန်းခေါင်စာရင်း၊ စစ်တမ်းနှင့် အခြားစာရင်းအင်းဆိုင်ရာ သတင်းအချက်အလက်များကို ဗဟိုကော်မတီ၏ ခွင့်ပြုချက်ဖြင့် ရယူရမည်။

(စ) အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများသို့ ဖြေကြားပေးပို့ရမည့် အမျိုးသားစာရင်းအင်းစနစ်နှင့်သက်ဆိုင်သော လုပ်ငန်းကိစ္စရပ်များအတွက် စာရင်းအင်းဆိုင်ရာ အချက်အလက်များနှင့်စပ်လျဉ်းသည့် မေးခွန်း (Questionnaire) များကို တာဝန်ခံ (Focal) အဖြစ်စိစစ်၍ စုစည်း၊ ဖြေကြား၊ ပေးပို့ရမည်။

(ဆ) ဗဟိုကော်မတီအစည်းအဝေးများ ကျင်းပနိုင်ရေးအတွက် စီစဉ်ဆောင်ရွက်ရမည်။

၉။ စာရင်းအင်းဆိုင်ရာအကြီးအမှူးသည် ဗဟိုစာရင်းအင်းအဖွဲ့နှင့် စာရင်းအင်းအချက်အလက် ပြုစုထုတ်ပြန်သူများက ကောက်ယူစုစည်းထားသည့် တရားဝင်စာရင်းအင်းများကို စုစည်းထုတ်ပြန်ရမည်။

## အခန်း (၅)
## အမျိုးသားစာရင်းအင်းစနစ် အရည်အသွေးပြည့်ဝရေးလုပ်ငန်းများ

၁၀။ အမျိုးသားစာရင်းအင်းစနစ်သည် ဗဟိုချုပ်ကိုင်မှုလျှော့ချသည့် စနစ်ဖြစ်သည့်အတွက် အမျိုးသားစာရင်းအင်းစနစ်တွင် ပါဝင်ပတ်သက်သူများသည် စာရင်းအင်းဆိုင်ရာစွမ်းရည်တည်ဆောက်မှု၊ စာရင်းအင်းဆိုင်ရာလုပ်ငန်းများနှင့် ဘတ်ဂျက်လျာထားသုံးစွဲမှုတို့ကို ချိတ်ဆက်ဆောင်ရွက်မှုများ ပြုလုပ်ရမည်။

၁၁။ ဗဟိုကော်မတီသည် စာရင်းအင်းအချက်အလက်မှန်ကန်ရေးနှင့် အရည်အသွေးပြည့်ဝရေးအတွက် သက်ဆိုင်ရာဝန်ကြီးဌာနများ၏ ကိုယ်စားလှယ်များပါဝင်သော အောက်ဖော်ပြပါ ကဏ္ဍအလိုက် စာရင်းအင်းလုပ်ငန်းအဖွဲ့များကို ဖွဲ့စည်းနိုင်သည်-

(က) တစ်မျိုးသားလုံးဆိုင်ရာ စာရင်းအင်းလုပ်ငန်းအဖွဲ့၊

(ခ) စစ်တမ်းများနှင့် စာရင်းအင်းဆိုင်ရာ စံသတ်မှတ်ချက်လုပ်ငန်းအဖွဲ့၊

(ဂ) မွေးဖွားမှုနှင့် သေဆုံးမှုဆိုင်ရာ စာရင်းအင်းလုပ်ငန်းအဖွဲ့၊

(ဃ) စိုက်ပျိုးရေးနှင့် ကျေးလက်ဒေသဆိုင်ရာ စာရင်းအင်းလုပ်ငန်းအဖွဲ့၊

(င) စွမ်းအင်ဆိုင်ရာ စာရင်းအင်းလုပ်ငန်းအဖွဲ့၊

(စ) ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ စာရင်းအင်းလုပ်ငန်းအဖွဲ့၊

(ဆ) ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ စာရင်းအင်းလုပ်ငန်းအဖွဲ့၊

(ဇ) မေခရိုစီးပွားရေး စောင့်ကြပ်ကြည့်ရှုခြင်းနှင့် ငွေရေးကြေးရေးဆိုင်ရာ စာရင်းအင်းလုပ်ငန်းအဖွဲ့၊

(ဈ) လူမှုရေးဆိုင်ရာ စာရင်းအင်းလုပ်ငန်းအဖွဲ့၊

(ည) လူဦးရေဆိုင်ရာ စာရင်းအင်းလုပ်ငန်းအဖွဲ့။

၁၂။ ဗဟိုကော်မတီသည် လိုအပ်ပါက ကဏ္ဍအလိုက် စာရင်းအင်းလုပ်ငန်းအဖွဲ့များကို တိုးချဲ့ဖွဲ့စည်းနိုင်သည်။

၁၃။ ကဏ္ဍအလိုက် စာရင်းအင်းလုပ်ငန်းအဖွဲ့များသည်-

(က) ဝန်ကြီးဌာနများအလိုက် ထုတ်ပြန်သည့်စာရင်းအင်းများနှင့် ကဏ္ဍအလိုက် စာရင်းအင်းများ ထုတ်ပြန်ရာတွင် စာရင်းအင်းဆိုင်ရာ ကွာဟချက်များမဖြစ်ပေါ်စေရေး ဆောင်ရွက်ရမည်။

(ခ) ပုဒ်မခွဲ (က) အရ ဆောင်ရွက်ရာတွင် စာရင်းအင်းအချက်အလက် ပြုစုထုတ်ပြန်သူများ၊ အသုံးပြုသူများ၊ အခြားသောပါဝင်ပတ်သက်သူများနှင့် ပူးပေါင်းညှိနှိုင်းဆောင်ရွက်ရမည်။

(ဂ) စာရင်းအင်းဆိုင်ရာ ကွာဟချက်များ ပြန်လည်သုံးသပ်ခြင်းနှင့် ဖြေရှင်းခြင်းတို့ကို ဆောင်ရွက်ရမည်။

## အခန်း (၆)
## စာရင်းအင်းဆိုင်ရာ အချက်အလက်များ ကောက်ယူစုဆောင်းခြင်း လုပ်ငန်းစဉ်များ

၁၄။ ဗဟိုစာရင်းအင်းအဖွဲ့နှင့် စာရင်းအင်းနှင့်သက်ဆိုင်သည့် အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများသည် ဗဟိုကော်မတီက အတည်ပြုထားသောစာရင်းအင်းဆိုင်ရာ လုပ်ငန်းစဉ်အတိုင်း မူလစာရင်းအင်းအချက်အလက်များ၊ တစ်ဆင့်ခံစာရင်းအင်းအချက်အလက်များနှင့် အုပ်ချုပ်မှုဆိုင်ရာမှတ်တမ်းများကို ကောက်ယူရမည်။

၁၅။ ဗဟိုစာရင်းအင်းအဖွဲ့နှင့် စာရင်းအင်းနှင့်သက်ဆိုင်သည့် အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများသည် ကောက်ယူစုဆောင်းထားသည့် မူလစာရင်းအင်းအချက်အလက်များကိုဖြစ်စေ၊ တစ်ဆင့်ခံစာရင်းအင်းအချက်အလက်များကိုဖြစ်စေ၊ အုပ်ချုပ်မှုဆိုင်ရာမှတ်တမ်းများကိုဖြစ်စေ စာရင်းအင်းဆိုင်ရာ အကြီးအမှူးထံသို့ ပေးပို့ရမည်။

၁၆။ တရားဝင်စာရင်းအင်းများနှင့်သက်ဆိုင်သော နှစ်စဉ်လုပ်ငန်းအစီအစဉ်နှင့် ကာလတို၊ ကာလလတ်၊ ကာလရှည် စာရင်းအင်းစီမံကိန်းများ ရေးဆွဲတင်ပြနိုင်ရန်အလို့ငှာ ဗဟိုစာရင်းအင်းအဖွဲ့၊ စာရင်းအင်းနှင့် သက်ဆိုင်သည့် အစိုးရဌာနများနှင့် အစိုးရအဖွဲ့အစည်းများသည် စာရင်းအင်းဆိုင်ရာ လုပ်ငန်းအစီအစဉ်များကို နှစ်စဉ်ပြုစု၍ ဘဏ္ဍာနှစ်မစတင်မီ သုံးလကြိုတင်၍ စာရင်းအင်းဆိုင်ရာ အကြီးအမှူးထံသို့ ပေးပို့ရမည်။

၁၇။ စာရင်းအင်းဆိုင်ရာ အကြီးအမှူးသည် ဌာနများက ပြုစုပေးပို့သည့် တရားဝင်စာရင်းအင်းများနှင့် သက်ဆိုင်သော နှစ်စဉ်လုပ်ငန်းအစီအစဉ်၊ ကာလတို၊ ကာလလတ်နှင့် ကာလရှည်စာရင်းအင်းစီမံကိန်းများကို ဗဟိုကော်မတီသို့ တင်ပြ၍ အတည်ပြုချက်ရယူရမည်။

၁၈။ မြန်မာနိုင်ငံ၏ ရေရှည်တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီသော ဖွံ့ဖြိုးတိုးတက်မှုစီမံကိန်း (Myanmar Sustainable Development Plan – MSDP) ကို စောင့်ကြည့်လေ့လာအကဲဖြတ်နိုင်ရေးအတွက် ဗဟိုကော်မတီက အတည်ပြုထားသည့် အမျိုးသားညွှန်ကိန်းမူဘောင် (NIF) ကို အကောင်အထည်ဖော်နိုင်ရန် အမျိုးသားစာရင်းအင်းစနစ်တွင် ပါဝင်ပတ်သက်သူများသည် ဗဟိုစာရင်းအင်းအဖွဲ့နှင့်အတူ ပူးပေါင်းပါဝင် ဆောင်ရွက်ရမည်။

[ ဆက်လက်ဖော်ပြပါမည်။ ]

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

**ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန**

**(ပြည်ထောင်စုဝန်ကြီးရုံး)**

**အမိန့်ကြော်ငြာစာအမှတ် (၄၅/၂၀၂၁)**

၁၃၈၃ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၈ ရက်

(၂၀၂၁ ခုနှစ်၊ ဇွန်လ ၂ ရက်)

**ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန၏ အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးအဖွဲ့ (Corruption Prevention Unit – CPU) ဖွဲ့စည်းခြင်း**

၁။ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန၏ အဂတိလိုက်စားမှုတားဆီးကာကွယ်ရေး အဖွဲ့ (Corruption Prevention Unit–CPU) ကို အောက်ဖော်ပြပါ ပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းတာဝန်ပေးအပ် လိုက်သည်–

| စဉ် | အမည်၊ ရာထူး၊ ဌာန | တာဝန် |
|---|---|---|
| (က) | ဒေါက်တာဝါဝါမောင်<br>ညွှန်ကြားရေးမှူးချုပ်/ပြည်ထောင်စုဝန်ကြီးရုံး<br>ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန | အဖွဲ့ခေါင်းဆောင် |
| (ခ) | ဦးသန့်စင်လွင်<br>ညွှန်ကြားရေးမှူးချုပ်<br>ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများ ညွှန်ကြားမှုဦးစီးဌာန | အဖွဲ့ဝင် |
| (ဂ) | ဒေါ်အေးစန္ဒာလွင်<br>ဒုတိယအမြဲတမ်းအတွင်းဝန်<br>ပြည်ထောင်စုဝန်ကြီးရုံး | အဖွဲ့ဝင် |
| (ဃ) | ဒေါ်တင်အေးဟန်<br>ဒုတိယညွှန်ကြားရေးမှူးချုပ်<br>ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန | အဖွဲ့ဝင် |

| စဉ် | အမည်၊ ရာထူး၊ ဌာန | တာဝန် |
|---|---|---|
| (င) | ဦးစိုးမြင့်အောင်<br>ဒုတိယညွှန်ကြားရေးမှူးချုပ်<br>ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန | အဖွဲ့ဝင် |
| (စ) | ဒေါ်စောကလျာစု<br>ဒုတိယညွှန်ကြားရေးမှူးချုပ်<br>နိုင်ငံခြားစီးပွားဆက်သွယ်ရေးဦးစီးဌာန | အဖွဲ့ဝင် |
| (ဆ) | ဦးအောင်သက်နိုင်<br>လက်ထောက်အတွင်းဝန်<br>ပြည်ထောင်စုဝန်ကြီးရုံး | အဖွဲ့ဝင် |

၂။ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန၏ အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးအဖွဲ့ (Corruption Prevention Unit-CPU) ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်း ဖြစ်သည်-

(က) အဂတိလိုက်စားမှု မဖြစ်ပေါ်စေရေးအတွက် တားမြစ်ထိန်းချုပ်ရန်၊

(ခ) ဌာနအလိုက် အဂတိလိုက်စားမှုဖြစ်နိုင်ခြေရှိသော လုပ်ငန်းဆောင်ရွက်ချက်များနှင့် ပြဿနာများကို ဆန်းစစ်လေ့လာ စိစစ်ဖော်ထုတ်ရန်၊

(ဂ) တွေ့ရှိလာသော ပြဿနာများကို ဥပဒေနှင့်အညီ စနစ်တကျ ကိုင်တွယ်ဖြေရှင်းရန်၊

(ဃ) အဂတိလိုက်စားမှုနှင့်သက်ဆိုင်သော တိုင်ကြားစာများကို စိစစ်ဆောင်ရွက်ရန်နှင့် ဆောင်ရွက်မှုကို သတင်းထုတ်ပြန်ရန်၊

(င) အဂတိလိုက်စားမှုနှင့်ပတ်သက်သော လုပ်ငန်းဆောင်ရွက်ချက်များကို မြန်မာနိုင်ငံ အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင်၏ အစီအစဉ်နှင့်အညီ ဆောင်ရွက်ရန်၊

(စ) အဂတိလိုက်စားမှုနှင့်ပတ်သက်သည့် ထူးခြားဖြစ်စဉ်များရှိပါက ပြည်ထောင်စုဝန်ကြီးနှင့် ဒုတိယဝန်ကြီးထံသို့ အစီရင်ခံတင်ပြရန်၊

(ဆ) ပြည်ထောင်စုဝန်ကြီးနှင့် ဒုတိယဝန်ကြီးတို့မှ ပေးအပ်သော အခြားတာဝန်များကို ဆောင်ရွက်ရန်။

အောင်နိုင်ဦး
ပြည်ထောင်စုဝန်ကြီး
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

## ပြန်ကြားရေးဝန်ကြီးဌာန

၁၃၈၃ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၇ ရက်
(၂၀၂၁ ခုနှစ်၊ ဇွန်လ ၁ ရက်)

အမှတ် ၁၄၈။ ၁၉၉၆ ခုနှစ် ရုပ်မြင်သံကြားနှင့်ဗီဒီယို ဥပဒေအခန်း (၆)၊ ပုဒ်မ (၁၉) အရလည်းကောင်း၊ ၁၉၉၈ ခုနှစ် ဗီဒီယိုလုပ်ငန်းဆိုင်ရာ နည်းဥပဒေများအခန်း (၆)၊ နည်းဥပဒေ (၂၃) (၂၄) အရလည်းကောင်း၊

ဗီဒီယိုလုပ်ငန်းများစိစစ်ကြီးကြပ်နိုင်ရန်အတွက် ၂၀၂၀ ပြည့်နှစ်၊ ဧပြီလ ၁ ရက်မှ ၂၀၂၂ ခုနှစ်၊ မတ်လ ၃၁ ရက်နေ့အထိ (၂) နှစ်သက်တမ်းရှိသော အောက်ဖော်ပြပါ ဗီဒီယိုလုပ်ငန်းစိစစ်ကြီးကြပ်ရေးကော်မတီများကို ပြင်ဆင်ဖွဲ့စည်းလိုက်ပါသည်–

**စစ်ကိုင်းတိုင်းဒေသကြီး ဗီဒီယိုလုပ်ငန်းစိစစ်ကြီးကြပ်ရေးကော်မတီ**

(က) ဒေါ်ရီရီသန်း — ဥက္ကဋ္ဌ
အဖွဲ့ဝင် (၂)
တိုင်းဒေသကြီးစီမံအုပ်ချုပ်ရေးကောင်စီ

(ခ) ရဲမှူးကြီးကျော်ထွန်း — အဖွဲ့ဝင်
တိုင်းဒေသကြီးရဲတပ်ဖွဲ့မှူး
တိုင်းဒေသကြီးရဲတပ်ဖွဲ့မှူးရုံး

(ဂ) ဦးမင်းဆွေ — အဖွဲ့ဝင်
ဒုတိယညွှန်ကြားရေးမှူး
တိုင်းဒေသကြီးအထွေထွေအုပ်ချုပ်ရေးဦးစီးဌာန

(ဃ) ဦးကျော်ဟိုးလှိုင် — အဖွဲ့ဝင်
ညွှန်ကြားရေးမှူး
တိုင်းဒေသကြီးပြည်တွင်းအခွန်များဦးစီးဌာန

(င) ဦးသစ်ထူးမြင့် — အဖွဲ့ဝင်
ညွှန်ကြားရေးမှူး
တိုင်းဒေသကြီးစည်ပင်သာယာရေးအဖွဲ့

(စ) ဦးသာချို — အဖွဲ့ဝင်
ကိုယ်စားလှယ်
တိုင်းဒေသကြီးဗီဒီယိုအခြေခံအဖွဲ့ခွဲ

(ဆ) ဦးဇော်လင်း — အတွင်းရေးမှူး
တာဝန်ခံ
တိုင်းဒေသကြီးရုပ်ရှင်မြှင့်တင်ရေးဦးစီးဌာန

**ရှမ်းပြည်နယ် ဗီဒီယိုလုပ်ငန်းစိစစ်ကြီးကြပ်ရေးကော်မတီ**

(က) ဦးစိုင်းလိတ် — ဥက္ကဋ္ဌ
အဖွဲ့ဝင် (၃)
ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီ

(ခ) ရဲမှူးကြီးဇော်မင်းအောင် — အဖွဲ့ဝင်
ဒုတိယပြည်နယ်ရဲတပ်ဖွဲ့မှူး
ပြည်နယ်ရဲတပ်ဖွဲ့မှူးရုံး

(ဂ) ဒေသတွင်း သဘောတူညီမှုများအရ UN စည်းမျဉ်းများ[1]၏ နည်းပညာလိုအပ်ချက်များအပေါ် မူတည်၍ မော်တော်ယာဉ်ပစ္စည်းအစိတ်အပိုင်းနှင့် စနစ်များအတွက် ဘေးကင်းလုံခြုံမှုဆိုင်ရာ စံသတ်မှတ်ချက် (Safety Standards) များ၊ သဘာဝပတ်ဝန်းကျင်ထိခိုက်မှု အနည်းဆုံးဖြစ်စေရေးအတွက် ယာဉ်မှ ထုတ်လွှတ်သည့် အခိုးအငွေ့ဆိုင်ရာ စံသတ်မှတ်ချက် (Emission Standards) များ၊ လောင်စာဆီ အရည်အသွေးသတ်မှတ်ချက်များ ထုတ်ပြန်နိုင်ရေးတင်ပြဆောင်ရွက်ရန်၊

(ဃ) ကာဗွန်ထုတ်လုပ်မှုလျှော့ချရေးအတွက် အကျိုးသက်ရောက်စေမည့်ယာဉ်များ၊ စွမ်းအင်ခြိုးခြံချွေတာနိုင်မည့်ယာဉ်များ ထုတ်လုပ်အသုံးပြုနိုင်ရေးအတွက် အထူးအစီအစဉ်များ ရေးဆွဲပြုစုတင်ပြ ဆောင်ရွက်ရန်နှင့် EV များ ထုတ်လုပ်ဖြန့်ဖြူးရောင်းချရေးဆိုင်ရာကိစ္စရပ်များ ဖွံ့ဖြိုးတိုးတက်ရေးအတွက် သက်ဆိုင်ရာ Stakeholders များနှင့် ဆွေးနွေးညှိနှိုင်းပြီး မူဝါဒနှင့် လမ်းညွှန်ချက်များ ချမှတ်နိုင်ရေး အဆိုပြုတင်ပြရန်၊

(င) မော်တော်ယာဉ်ပညာရပ်ဆိုင်ရာအဖွဲ့အစည်း (Automotive Technical Institution) တစ်ရပ် ဖြစ်ထွန်းလာစေရန်နှင့် မော်တော်ယာဉ်ဆိုင်ရာလူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်လာစေရေး၊ ကျွမ်းကျင်လုပ်သားများ ပေါ်ထွန်းလာစေရေးအတွက် တက္ကသိုလ်၊ ကောလိပ်၊ စက်မှုသင်တန်းကျောင်းများတွင် မော်တော်ယာဉ်ဆိုင်ရာအထူးပြုပညာရပ်များ တိုးချဲ့သင်ကြားနိုင်ရေးအတွက် အစိုးရ၊ ပုဂ္ဂလိကနှင့် ပညာရပ်ဆိုင်ရာနယ်ပယ်များ ချိတ်ဆက်ပူးပေါင်း၍ တွန်းအားပေးဆောင်ရွက်ရန်၊

(စ) မော်တော်ယာဉ်ထုတ်လုပ်မှု၊ ရောင်းချမှု၊ ဝန်ဆောင်မှုလုပ်ငန်းများနှင့် စပ်လျဉ်းသည့် ကိန်းဂဏန်း အချက်အလက်များကို နိုင်ငံ၏မော်တော်ယာဉ်စက်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ Key Performance Indicator အဖြစ် အသုံးပြုနိုင်ရေးအတွက် အစိုးရ၊ ပုဂ္ဂလိက ကဏ္ဍအလိုက်အသုံးပြုနိုင်မည့် Information & Database system တစ်ခုတည်ထောင်နိုင်ရေး ဆက်စပ်ဌာနများနှင့် ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ရန်၊

(ဆ) မော်တော်ယာဉ်လုပ်ငန်းဆိုင်ရာမူဝါဒ ဆပ်ကော်မတီအနေဖြင့် ဆောင်ရွက်ပြီးမြောက်မှုအခြေအနေအား ကြီးကြပ်ရေးကော်မတီသို့ အစီရင်ခံတင်ပြရန်။

[1] UN စည်းမျဉ်းများ– UNECE Regulations (Regulations for United Nations Economic Commission for Europe)

## အမိန့်ကြော်ငြာစာအမှတ် (၂/၂၀၂၁)

## အာဆီယံမော်တော်ယာဉ်ဆိုင်ရာ ထုတ်ကုန်ပစ္စည်းများ အပြန်အလှန်အသိအမှတ်ပြုရေးအစီအစဉ် (ASEAN Mutual Recognition Arrangement on Type Approval for Automotive Products–APMRA) အကောင်အထည်ဖော်ရေး ဆပ်ကော်မတီ ဖွဲ့စည်းခြင်း

၁။ မော်တော်ယာဉ်လုပ်ငန်းဆိုင်ရာ မူဝါဒကြီးကြပ်ရေးကော်မတီသည် မော်တော်ယာဉ်လုပ်ငန်းဆိုင်ရာ မူဝါဒအပိုဒ် ၂၅ (ဂ) အရကြီးကြပ်ရေးကော်မတီကို အထောက်အပံ့ဖြစ်စေရန်နှင့် ဒေသတွင်း မော်တော်ယာဉ် စက်မှုကဏ္ဍ သဘောတူညီမှုများကို လိုက်ပါအကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန်အတွက် **အာဆီယံ မော်တော်ယာဉ်ဆိုင်ရာ ထုတ်ကုန်ပစ္စည်းများ အပြန်အလှန်အသိအမှတ်ပြုရေးအစီအစဉ် (ASEAN Mutual Recognition Arrangement on Type Approval for Automotive Products–APMRA) အကောင်အထည် ဖော်ရေး ဆပ်ကော်မတီ** ကို အောက်ဖော်ပြပါ ပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းတာဝန်ပေးအပ်လိုက်သည်–

| | | |
|---|---|---|
| (က) | ဦးဆောင်ညွှန်ကြားရေးမှူး<br>အမှတ်(၁) အကြီးစားစက်မှုလုပ်ငန်း<br>စက်မှုဝန်ကြီးဌာန | ဥက္ကဋ္ဌ |
| ( ခ ) | အင်ဂျင်နီယာချုပ်<br>ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန<br>ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| ( ဂ ) | ညွှန်ကြားရေးမှူး<br>ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန<br>သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဃ) | ညွှန်ကြားရေးမှူး<br>ရေနံထွက်ပစ္စည်းကြီးကြပ်စစ်ဆေးရေးဦးစီးဌာန<br>လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန | အဖွဲ့ဝင် |
| ( င ) | ညွှန်ကြားရေးမှူး<br>ကုန်သွယ်ရေးဦးစီးဌာန<br>စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| ( စ ) | ဒုတိယညွှန်ကြားရေးမှူး<br>သုတေသနနှင့် တီထွင်ဆန်းသစ်မှုဦးစီးဌာန<br>ပညာရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဆ) | အတွင်းရေးမှူး<br>Automobile Technical Division<br>မြန်မာနိုင်ငံအင်ဂျင်နီယာအသင်းချုပ် | အဖွဲ့ဝင် |
| ( ဇ ) | Automobile National Chief Assessor<br>National Skill Standards Authority | အဖွဲ့ဝင် |
| (ဈ) | အထွေထွေမန်နေဂျာ<br>အမှတ် (၁) အကြီးစားစက်မှုလုပ်ငန်း<br>စက်မှုဝန်ကြီးဌာန | အတွင်းရေးမှူး |

၂။ အဆိုပါဆပ်ကော်မတီ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်–

(က) အာဆီယံမော်တော်ယာဉ်ဆိုင်ရာ ထုတ်ကုန်ပစ္စည်းများ အပြန်အလှန်အသိအမှတ်ပြုရေး အစီအစဉ် (ASEAN Mutual Recognition Arrangement on Type Approval for Automotive Products–APMRA) အရ မြန်မာနိုင်ငံမှ လိုက်ပါဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များကို ဆပ်ကော်မတီအတွင်း ပေါင်းစပ်ညှိနှိုင်း အကောင်အထည်ဖော်ဆောင်ရွက်ရန်၊

(ခ) အာဆီယံမော်တော်ယာဉ်ဆိုင်ရာကော်မတီ (ASEAN Automotive Committee–AAC) တွင် မြန်မာနိုင်ငံကိုယ်စားပြု အဖွဲ့ဝင် (၁) ဦး ပါဝင်နိုင်ရေး၊ Regulatory Body၊ Type Approval Body၊ Designating Body အဖြစ် ဆောင်ရွက်နိုင်ရေး၊ လိုအပ်ပါက အခြားသောဌာနများနှင့် ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်နိုင်ရေးတို့အတွက် တာဝန်ရှိသောအဖွဲ့ကိုအဆိုပြု၍ ကြီးကြပ်ရေးကော်မတီသို့တင်ပြရန်၊

(ဂ) နိုင်ငံအတိုင်းအတာဖြင့် လိုက်နာကျင့်သုံးရန်လိုအပ်သည့် မော်တော်ယာဉ်ဆိုင်ရာ ထုတ်ကုန်ပစ္စည်း အစိတ်အပိုင်းများ၏ ဘေးကင်းလုံခြုံမှုဆိုင်ရာ စံသတ်မှတ်ချက် (Safety Standards) များအတွက် UN စည်းမျဉ်းများ[1] ကို ရွေးချယ်အဆိုပြုရန်နှင့် ရွေးချယ်ထားသည့် UN စည်းမျဉ်းများကို နိုင်ငံ၏ လိုအပ်ချက်အရ Mandatory သို့မဟုတ် Voluntary Standards အဖြစ် သတ်မှတ်နိုင်ရေး အဆိုပြု တင်ပြရန်၊

(ဃ) Mandatory အဖြစ် သတ်မှတ်ထားသည့် UN စည်းမျဉ်းများ၏ Technical Requirement များအရ စမ်းသပ်၊ စစ်ဆေးနိုင်မည့် Testing Laboratory/Testing Facility များတည်ထောင်နိုင်ရေး အစီအမံများ ရေးဆွဲတင်ပြဆောင်ရွက်ရန်၊

(င) နိုင်ငံမှ Mandatory အဖြစ် သတ်မှတ်ထုတ်ပြန်ထားသည့် မော်တော်ယာဉ်ဆိုင်ရာ ထုတ်ကုန်ပစ္စည်း အစိတ်အပိုင်းများအတွက် UN စည်းမျဉ်းများအရ Conformity of Certificate သို့မဟုတ် Type Approval စနစ် စတင်ဆောင်ရွက်နိုင်ရေး အစီအမံများ ရေးဆွဲအဆိုပြု တင်ပြဆောင်ရွက်ရန်၊

(စ) Component Parts & System Type Approval နှင့် Whole Vehicle Type Approval အဖြစ် အသိအမှတ်ပြုလုပ်ငန်းစဉ် ဆောင်ရွက်ပေးနိုင်ရေးအတွက် အောက်ပါတို့ကို စီမံဆောင်ရွက်ရန်–

(၁) Component Parts & System Type Approval အတည်ပြုခြင်း

- ပြည်တွင်း၌ ထုတ်လုပ်ထားသည့် မော်တော်ယာဉ်ဆိုင်ရာ ထုတ်ကုန်ပစ္စည်းများသည် UN စည်းမျဉ်းများ၏ နည်းပညာလိုအပ်ချက်များနှင့်အညီ ထုတ်လုပ်ထားခြင်း ရှိ မရှိ စစ်ဆေးခြင်းကို APMRA ပါ ကိုက်ညီအကဲဖြတ်ခြင်းရလဒ် (Conformity Assessment Result) ဆိုင်ရာ နည်းလမ်းများနှင့်အညီ ဆောင်ရွက်ရန်၊

(၂) Whole Vehicle Type Approval အတည်ပြုခြင်း

- အခြားနိုင်ငံများမှ Whole Vehicle Type Approval ရရှိပြီးသည့် မော်တော်ယာဉ် Model များကို ပြည်တွင်း၌ အသုံးပြုနိုင်ရေး သက်ဆိုင်ရာနိုင်ငံမှ ထုတ်ပေးထားသည့် Test Report နှင့်အတူ Type Approval Granting များအရ ဘေးကင်းလုံခြုံမှုအတွက် ထပ်မံစစ်ဆေးအတည်ပြုရန်၊
- ပြည်တွင်း၌ တပ်ဆင်ထုတ်လုပ်မည့် Model များ သို့မဟုတ် Whole Vehicle Type Approval ရယူထားခြင်းမရှိဘဲ ထုတ်လုပ်မည့် Model အသစ်များအတွက် အာဆီယံမှ အသိအမှတ်ပြု လက်ခံထားသော Listed Technical Services မှ စစ်ဆေးအတည်ပြု ပြီးသည့် Test Report ဖြင့် တာဝန်ပေးအပ်ခြင်းခံထားရသည့် Regulatory Body သို့မဟုတ် Type Approval Body မှ Conformity of Certificate သို့မဟုတ် Type Approval ထုတ်ပေးရန်၊

[1] UN စည်းမျဉ်းများ– UNECE Regulations (Regulations for United Nations Economic Commission for Europe)

(၃) တာဝန်ပေးအပ်ခြင်းခံထားရသည့် Designating Body သည် Conformity of Certificate သို့မဟုတ် Type Approval အတွက် Document Verification လုပ်ငန်းရပ်များကို ဆောင်ရွက်ခြင်း။

(ဆ) Conformity of Certificate သို့မဟုတ် Type Approval ဆိုင်ရာလုပ်ငန်းစဉ်များ စနစ်တကျ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အောက်ပါတို့ကို Long Term Plan ချမှတ်ဆောင်ရွက်ရန်-

(၁) သတ်မှတ်ထုတ်ပြန်မည့် Regulations သို့မဟုတ် Standards များအရ စမ်းသပ်စစ်ဆေးမည့်စက်ပစ္စည်းများ (Testing Facility) နှင့်အတူ နည်းပညာဆိုင်ရာ ဝန်ဆောင်မှုအဖွဲ့များ (Technical Services–TS) ပြုစုပျိုးထောင်နိုင်မည့် အစီအမံများ ဆောင်ရွက်ခြင်း၊

(၂) Designating Body သည် နိုင်ငံအတိုင်းအတာဖြင့် အလားအလာရှိသည့် TS များ ရွေးချယ်စုစည်းပြီး စိစစ်၍ သက်ဆိုင်ရာနယ်ပယ်အလိုက် ကျွမ်းကျင်မှုရှိသည့် TS များအဖြစ် ခန့်အပ်နိုင်ရေး စီစဉ်ဆောင်ရွက်ခြင်း၊

(၃) TS များသည် UN စည်းမျဉ်းပါ သတ်မှတ်ချက်များ၏ နည်းပညာဆိုင်ရာ လိုအပ်ချက်များနှင့်အညီ စမ်းသပ်စစ်ဆေးထားသည့် အစီရင်ခံစာ Test Report နှင့်ကိုက်ညီအကဲဖြတ်ခြင်းရလဒ် Conformity Assessment Result တို့ကို ထုတ်ပေးနိုင်ရေးဆောင်ရွက်ခြင်း။

ဥက္ကဋ္ဌ
မော်တော်ယာဉ်လုပ်ငန်းဆိုင်ရာမူဝါဒကြီးကြပ်ရေးကော်မတီ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

## အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန

## (ဝန်ကြီးရုံး)

## အမိန့်ကြော်ငြာစာအမှတ် (၂၄၅/၂၀၂၁)

၁၃၈၂ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၁၅ ရက်
(၂၀၂၁ ခုနှစ်၊ ဇွန်လ ၉ ရက်)

**ရန်ကုန်တိုင်းဒေသကြီး ခုံသမာဓိအဖွဲ့ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင် အစားထိုးခန့်အပ်ခြင်း**

အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနသည် အလုပ်သမားရေးရာ အငြင်းပွားမှုဖြေရှင်းရေးဥပဒေပုဒ်မ ၁၆ နှင့်အညီ ဖွဲ့စည်းထားရှိသည့် ရန်ကုန်တိုင်းဒေသကြီး အငြင်းပွားမှုဖြေရှင်းရေး ခုံသမာဓိအဖွဲ့တွင် လစ်လပ်သည့်နေရာများအတွက် ပုဒ်မ ၁၇(က) အရ ခုံသမာဓိအဖွဲ့ ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်တစ်ဦးအား အောက်ပါအတိုင်း အစားထိုးခန့်အပ်တာဝန်ပေးလိုက်သည်-

(က) ဒေါက်တာ စိုင်းခိုင်မျိုးထွန်း (ဥက္ကဋ္ဌ) **အစား** ဦးချစ်ပေါ်(ဥက္ကဋ္ဌ)

( ခ ) ဦးမြတ်သင်းအောင် (အဖွဲ့ဝင်) **အစား** ဦးမြင့်အောင်(အဖွဲ့ဝင်)

မြင့်ကြိုင်
ပြည်ထောင်စုဝန်ကြီး
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

## ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန

### အမိန့်အမှတ် (၁၂၄/၂၀၂၁)

၁၃၈၃ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၈ ရက်

(၂၀၂၁ ခုနှစ်၊ ဇွန်လ ၂ ရက်)

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနသည် ကူးစက်ရောဂါများကာကွယ်နှိမ်နင်းရေး ဥပဒေပုဒ်မ ၂၁ ပုဒ်မခွဲ (ခ) ပါ လုပ်ပိုင်ခွင့်ကိုကျင့်သုံး၍ ဤအမိန့်ကို ထုတ်ပြန်လိုက်သည်။

၁။ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနသည် လတ်တလောအသက်ရှူလမ်းကြောင်းဆိုင်ရာရောဂါ Coronavirus Disease 2019 (COVID–19) ကြိုတင်ကာကွယ်ရေးလုပ်ငန်းများကို အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်လျက်ရှိရာ စစ်ကိုင်းတိုင်းဒေသကြီး၊ ကလေးမြို့နယ်တွင် ဓာတ်ခွဲအတည်ပြုလူနာများ တွေ့ရှိမှုများပြားလာသဖြင့် အဆိုပါမြို့နယ်တွင်နေထိုင်သည့် ပြည်သူများအနေဖြင့် မိမိနေအိမ်တွင်နေထိုင်ရန် (Stay at Home) လိုအပ်ပါသည်။

၂။ သို့ဖြစ်ပါ၍ စစ်ကိုင်းတိုင်းဒေသကြီး၊ ကလေးမြို့နယ်အတွင်း နေထိုင်သည့်ပြည်သူများအနေဖြင့် နေအိမ်တွင်နေထိုင်ရေး (Stay at Home) အစီအစဉ်တွင် အကျုံးဝင်ကြောင်း ကြေညာလိုက်သည်။

၃။ အဆိုပါမြို့နယ်ရှိနေအိမ်တွင်နေထိုင်ရေး (Stay at Home) အစီအစဉ်တွင် အကျုံးဝင်သောပြည်သူများသည် အောက်ပါစည်းကမ်းချက်များကို လိုက်နာရမည်–

(က) မိမိနေအိမ်တွင်သာနေထိုင်ရန် (အစိုးရဌာန၊ အဖွဲ့အစည်းများ၊ ကုမ္ပဏီ၊ စက်ရုံ၊ အလုပ်ရုံများတွင် တာဝန်ထမ်းဆောင်ရန် သွားရောက်သူများမပါ၊)

(ခ) မဖြစ်မနေဈေးဝယ်ရန်အတွက် တစ်အိမ်လျှင် တစ်ဦးသာ သွားရောက်ရန်၊

(ဂ) ဆေးရုံ၊ ဆေးခန်းသွားရောက်ရန်ရှိပါက တစ်အိမ်လျှင် နှစ်ဦးသာ သွားရောက်ရန်၊

(ဃ) နေအိမ်မှ ပြင်ပသို့ သွားလာလျှင် ပါးစပ်/နှာခေါင်းစည်း (mask) တပ်ရန်၊

(င) တာဝန်ထမ်းဆောင်ရန် သွားရောက်/ပြန်လာမည့်သူများကို ပို့ဆောင်မည့်ယာဉ်များနှင့် ဖြတ်သန်းခွင့် ပြုထားသော ယာဉ်များကိုသာ ရပ်ကွက်ကျော်လွန် သွားလာခွင့်ပြုရန်၊

(စ) ရပ်ကွက်အတွင်း ဈေးဝယ်ခြင်းအတွက် ယာဉ်မောင်းအပြင် ယာဉ်ပေါ်တွင် တစ်ဦး၊ ဆေးရုံဆေးခန်း သွားရောက်ခြင်းအတွက် ယာဉ်မောင်းအပြင် ယာဉ်ပေါ်တွင် နှစ်ဦးသာ သွားရောက်ရန်။

၄။ အပိုဒ် ၃ အပိုဒ်ခွဲ (ခ)၊ (ဂ) နှင့် (စ) တို့ပါ ကိစ္စရပ်များတွင် သတ်မှတ်ဦးရေထက် ပိုမိုရန်ရှိလျှင်ဖြစ်စေ၊ အခြားအရေးပေါ်ကိစ္စရပ်များအတွက် သွားလာရန်ရှိလျှင်ဖြစ်စေ သက်ဆိုင်ရာရပ်ကွက်/ကျေးရွာစီမံအုပ်ချုပ်ရေး အဖွဲ့သို့ သတင်းပို့၍ ခွင့်ပြုချက်ဖြင့်သွားလာရန်နှင့် သက်ဆိုင်ရာရပ်ကွက်/ကျေးရွာစီမံအုပ်ချုပ်ရေးအဖွဲ့သည် တာဝန်ရှိသူ၊ တာဝန်ထမ်းဆောင်ရန် သွားရောက်/ပြန်လာသူများမှအပ ရပ်ကွက်ပြင်ပမှလည်းကောင်း၊ ရပ်ကွက်အတွင်းမှလည်းကောင်း ဝင်/ထွက်ခွင့်မပြုရန်ဖြစ်သည်။

၅။ ဤအမိန့်ကို လိုက်နာရန်ပျက်ကွက်ပါက တည်ဆဲဥပဒေများအရ အရေးယူဆောင်ရွက်မည်ဖြစ်သည်။

၆။ ဤအမိန့်သည် ၂၀၂၁ ခုနှစ်၊ ဇွန်လ ၃ ရက်၊ ၀၄:၀၀ နာရီအချိန်မှ စတင်သက်ရောက်သည်။

### အမိန့်အမှတ် (၁၂၇/၂၀၂၁)

၁၃၈၃ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၁၀ ရက်

(၂၀၂၁ ခုနှစ်၊ ဇွန်လ ၄ ရက်)

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနသည် ကူးစက်ရောဂါများ ကာကွယ်နှိမ်နင်းရေး ဥပဒေပုဒ်မ ၂၁၊ ပုဒ်မခွဲ (ခ) ပါ လုပ်ပိုင်ခွင့်ကိုကျင့်သုံး၍ ဤအမိန့်ကို ထုတ်ပြန်လိုက်သည်။

၁။ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနသည် လတ်တလောအသက်ရှုလမ်းကြောင်းဆိုင်ရာရောဂါ Coronavirus Disease 2019 (COVID–19) ကြိုတင်ကာကွယ်ရေးလုပ်ငန်းများကို အချိန်နှင့် တစ်ပြေးညီ ဆောင်ရွက်လျက်ရှိရာ ချင်းပြည်နယ်တွင် ဓာတ်ခွဲအတည်ပြုလူနာများ တွေ့ရှိရမှုများပြားလာသဖြင့် အချို့သော မြို့နယ်များတွင်နေထိုင်သည့် ပြည်သူများအနေဖြင့် မိမိနေအိမ်တွင် နေထိုင်ရန် (Stay at Home) လိုအပ်ပါသည်။

၂။ သို့ဖြစ်ပါ၍ ချင်းပြည်နယ်အတွင်း အောက်ပါမြို့နယ်များတွင် နေထိုင်သည့် ပြည်သူများအနေဖြင့် နေအိမ်တွင်နေထိုင်ရေး (Stay at Home) အစီအစဉ်တွင် အကျုံးဝင်ကြောင်း ကြေညာလိုက်သည်–

(က) တီးတိန်မြို့နယ်၊

(ခ) ဖလမ်းမြို့နယ်၊

(ဂ) ထန်တလန်မြို့နယ်၊

(ဃ) ဟားခါးမြို့နယ်။

၃။ အဆိုပါမြို့နယ် (၄) မြို့နယ်ရှိ နေအိမ်တွင်နေထိုင်ရေး (Stay at Home) အစီအစဉ်တွင် အကျုံးဝင်သော ပြည်သူများသည် အောက်ပါစည်းကမ်းချက်များကို လိုက်နာရမည်–

(က) မိမိနေအိမ်တွင်သာနေထိုင်ရန် (အစိုးရဌာန၊ အဖွဲ့အစည်းများ၊ ကုမ္ပဏီ၊ စက်ရုံ၊ အလုပ်ရုံများတွင် တာဝန်ထမ်းဆောင်ရန် သွားရောက်သူများမပါ၊)

(ခ) မဖြစ်မနေဈေးဝယ်ရန်အတွက် တစ်အိမ်လျှင် တစ်ဦးသာ သွားရောက်ရန်၊

(ဂ) ဆေးရုံ၊ ဆေးခန်းသွားရောက်ရန်ရှိပါက တစ်အိမ်လျှင် နှစ်ဦးသာ သွားရောက်ရန်၊

(ဃ) နေအိမ်မှ ပြင်ပသို့ သွားလာလျှင် ပါးစပ်/နှာခေါင်းစည်း (mask) တပ်ရန်၊

(င) တာဝန်ထမ်းဆောင်ရန် သွားရောက်/ပြန်လာမည့်သူများကို ပို့ဆောင်မည့် ယာဉ်များနှင့် ဖြတ်သန်းခွင့် ပြုထားသော ယာဉ်များကိုသာ ရပ်ကွက်ကျော်လွန် သွားလာခွင့်ပြုရန်၊

(စ) ရပ်ကွက်အတွင်း ဈေးဝယ်ခြင်းအတွက် ယာဉ်မောင်းအပြင် ယာဉ်ပေါ်တွင် တစ်ဦး၊ ဆေးရုံဆေးခန်း သွားရောက်ခြင်းအတွက် ယာဉ်မောင်းအပြင် ယာဉ်ပေါ်တွင် နှစ်ဦးသာ သွားရောက်ရန်။

၄။ အပိုဒ် ၃ အပိုဒ်ခွဲ (ခ)၊ (ဂ) နှင့် (စ) တို့ပါ ကိစ္စရပ်များတွင် သတ်မှတ်ဦးရေထက် ပိုမိုရန်ရှိလျှင်ဖြစ်စေ၊ အခြားအရေးပေါ်ကိစ္စရပ်များအတွက် သွားလာရန်ရှိလျှင်ဖြစ်စေ သက်ဆိုင်ရာရပ်ကွက်/ကျေးရွာစီမံအုပ်ချုပ်ရေး အဖွဲ့သို့ သတင်းပို့၍ ခွင့်ပြုချက်ဖြင့် သွားလာရန်နှင့် သက်ဆိုင်ရာရပ်ကွက်/ကျေးရွာစီမံအုပ်ချုပ်ရေးအဖွဲ့သည် တာဝန်ရှိသူ၊ တာဝန်ထမ်းဆောင်ရန် သွားရောက်/ပြန်လာသူများမှအပ ရပ်ကွက်ပြင်ပမှလည်းကောင်း၊ ရပ်ကွက်အတွင်းမှလည်းကောင်း ဝင်/ထွက်ခွင့်မပြုရန် ဖြစ်သည်။

၅။ ဤအမိန့်ကို လိုက်နာရန်ပျက်ကွက်ပါက တည်ဆဲဥပဒေများအရ အရေးယူဆောင်ရွက်မည်ဖြစ်သည်။

၆။ ဤအမိန့်သည် ၂၀၂၁ ခုနှစ်၊ ဇွန်လ ၅ ရက်၊ ၀၄:၀၀ နာရီအချိန်မှ စတင်သက်ရောက်သည်။

၁၃၈၃ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၁ ရက်
(၂၀၂၁ ခုနှစ်၊ မေလ ၂၆ ရက်)

အမှတ် ၁၀။ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ ၂၀၂၁ ခုနှစ်၊ မေလ ၁၇ ရက်စွဲပါ စာအမှတ်၊ ၄ မက (ခ) ၂၀၂၁/၅၆၁၃ ဖြင့် ခွင့်ပြုချက်အရ နေပြည်တော် အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီး ဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် (ရုံးချုပ်) ဒေါက်တာအေးငြိမ်း (ဆမ–၁၁၀၆၆) အား အငြိမ်းစားမယူမီ ကြိုတင်ပြင်ဆင်ခွင့် (၄) လကို ၂၀၂၁ ခုနှစ်၊ ဇူလိုင်လ ၁ ရက်နေ့မှစ၍ ခံစားခွင့်ပြုပြီး ယင်းခွင့်ရက်များ

ကုန်ဆုံးသည့် ၂၀၂၁ ခုနှစ်၊ နိုဝင်ဘာလ ၁ ရက်နေ့မှစ၍ နိုင်ငံ့ဝန်ထမ်းဥပဒေပုဒ်မ ၅၆ ပုဒ်မခွဲ (က) နှင့် နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများ၊ နည်းဥပဒေ ၂၃၃၊ နည်းဥပဒေခွဲ (က) အရ သက်ပြည့်အငြိမ်းစားခံစားခွင့် ပြုလိုက်သည်။

ဒေါက်တာသက်ခိုင်ဝင်း
ပြည်ထောင်စုဝန်ကြီး
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

## ဆောက်လုပ်ရေးဝန်ကြီးဌာန

## (ပြည်ထောင်စုဝန်ကြီးရုံး)

## အမိန့်ကြော်ငြာစာအမှတ် (၁၈၄/၂၀၂၁)

၁၃၈၃ ခုနှစ်၊ ကဆုန်လဆန်း ၉ ရက်

(၂၀၂၁ ခုနှစ်၊ မေလ ၁၉ ရက်)

၁။ ၂၀၀၀ ပြည့်နှစ်၊ လမ်းမကြီးများဥပဒေပုဒ်မ ၄ ပုဒ်မခွဲ (င) နှင့် (စ) တို့အရ စစ်ကိုင်းတိုင်းဒေသကြီး အတွင်းရှိ အောက်ဖော်ပြပါလမ်းကို ဆောက်လုပ်ရေးဝန်ကြီးဌာန၊ လမ်းဦးစီးဌာနပိုင် စစ်ကိုင်းတိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီမှ စီမံခန့်ခွဲသော မြို့နယ်/ကျေးရွာများဆက်သွယ်သည့် **လမ်းမကြီး** အဖြစ် သတ်မှတ် ကြေညာလိုက်သည်–

(က) လမ်းမကြီးအမည် – တီလောင် – တုံးဟဲလမ်း

(ခ) လမ်းမကြီးအရှည် – ၁၇ မိုင် ၀ ဖာလုံ သို့မဟုတ် ၂၇.၃၅၉ ကီလိုမီတာ

(ဂ) လမ်းစတင်သည့်နေရာ – ၀/၀ မိုင် သို့မဟုတ် ၀ ကီလိုမီတာ (ကက်သာ–အောင်ဇေယျလမ်း ၁၈/၀ မိုင်)

(ဃ) လမ်းဆုံးရောက်ရှိသည့်နေရာ – ၁၇ မိုင် ၀ ဖာလုံ သို့မဟုတ် ၂၇.၃၅၉ ကီလိုမီတာ (တုံးဟဲ–သနန်လမ်း ၁၆/၁ မိုင်)

(င) လမ်းအဆင့်အတန်း – မြို့နယ်/ကျေးရွာများ ဆက်သွယ်သည့်လမ်း

(စ) လမ်းနယ်နိမိတ် – ၁၀၀ ပေ

၂။ ဆောက်လုပ်ရေးဝန်ကြီးဌာနပိုင် လမ်းဦးစီးဌာနမှ တာဝန်ယူဆောင်ရွက်လျက်ရှိသော စစ်ကိုင်းတိုင်း ဒေသကြီးအတွင်းရှိ လမ်းအရှည်စုစုပေါင်းကို ၂၉၄၇ မိုင် ၃ ဖာလုံ ၃၆၁ ပေ သို့မဟုတ် ၄၇၄၃.၄၅၀ ကီလိုမီတာဟု ပြင်ဆင်သတ်မှတ်လိုက်သည်။

## အမိန့်ကြော်ငြာစာအမှတ် (၁၀၃/၂၀၂၁)

နေပြည်တော်၊ ၁၃၈၃ ခုနှစ်၊ ကဆုန်လဆန်း ၁၀ ရက်

(၂၀၂၁ ခုနှစ်၊ မေလ ၂၀ ရက်)

## မြေလွှဲပြောင်းပေးခြင်း

၁။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးသည် ၁၉၅၁ ခုနှစ်၊ နိုင်ငံတော်ပြည်သူ့အိုးအိမ်ပြန်လည်ထူထောင်ရေးနှင့် မြို့ရွာစည်ပင်ရေးအဖွဲ့ အက်ဥပဒေပုဒ်မ –

၂၇ (၁) (ခ-၁) အရ အပ်နှင်းထားသည့် အခွင့်အာဏာများကို သုံးစွဲလျက် ရန်ကုန်တိုင်းဒေသကြီး၊ ဒလမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (အဆင့် - ၂ ရုံးကွက်)၊ မြေကွက်အမှတ် (၁၃၂၄)၊ မြေဧရိယာ (၀.၃၁၈) ဧကရှိ အစိုးရမြေနေရာအား ဒလမြို့နယ်တရားရုံး အသုံးပြုရန်အတွက် ပြည်ထောင်စုတရားလွှတ်တော်ချုပ်၊ ပြည်ထောင်စုတရားသူကြီးချုပ်ရုံးသို့ အောက်ပါ စည်းကမ်းချက်များဖြင့် လွှဲပြောင်းပေးလိုက်သည်-

(က) ဖော်ပြပါမြေကို အများပြည်သူအကျိုးငှာ ဒလမြို့နယ် တရားရုံးအတွက်သာ အသုံးပြုရန်နှင့် အခြားနည်းဖြင့် အသုံးမပြုရ၊

( ခ ) မြေကို ပြည်ထောင်စုတရားလွှတ်တော်ချုပ်မှ အသုံးပြုရန် မလိုအပ်သည့်အခါ ထိုမြေကို ဤဝန်ကြီးဌာနသို့ ပြန်လည်အပ်နှံရန်နှင့် အစိုးရမှ ပြန်လည်သိမ်းယူမည်။

( ဂ ) မြေကို အသုံးပြုရာတွင် ပြည်ထောင်စုတရားလွှတ်တော်ချုပ်နှင့် ဤဝန်ကြီးဌာနတို့ အယူအဆ သဘောထား ကွဲလွဲမှုရှိသည့်အခါ ယင်းကိစ္စကို ပြည်ထောင်စုအစိုးရအဖွဲ့သို့ တင်ပြ၍ အဆုံးအဖြတ်ခံယူရမည်။

၂။ **လွှဲပြောင်းပေးသည့် မြေ၏ အကြောင်းအရာဖော်ပြချက်**

| တိုင်းဒေသကြီး | မြို့နယ် | မြေတိုင်းရပ်ကွက် အမှတ် | မြေကွက် အမှတ် | ခန့်မှန်း မြေဧရိယာ | | မှတ် ချက် |
|---|---|---|---|---|---|---|
| | | | | ဧက | ဒသမ | |
| ရန်ကုန်တိုင်း ဒေသကြီး | ဒလ | အဆင့် - ၂ ရုံးကွက် | ၁၃၂၄ | ၀ | ၃၁၈ | |
| **စုစုပေါင်း** | | | | ၀ | ၃၁၈ | |

၃။ **နယ်နိမိတ်အလားအလာဖော်ပြချက်**

အရှေ့လားသော် - လမ်း

အနောက်လားသော် - မြေကွက်အမှတ် (၁၃၂၂၊ ၁၃၂၆/က)

တောင်လားသော် - မြေကွက်အမှတ် (၁၃၂၃)

မြောက်လားသော် - မြေကွက်အမှတ် (၁၃၂၆)

၄။ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီ၏ ၂၀၂၀ ပြည့်နှစ်၊ အောက်တိုဘာလ ၆ ရက်နေ့တွင် ကျင်းပပြုလုပ်သော အစည်းအဝေးအမှတ်စဉ် (၃၈/၂၀၂၀) အရ ရန်ကုန်တိုင်းဒေသကြီး၊ ဒလမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (အဆင့် - ၂ ရုံးကွက်)၊ မြေကွက်အမှတ် (၁၃၂၄)၊ မြေဧရိယာ (၀.၃၁၈) ဧကရှိ အစိုးရမြေနေရာအား ဒလမြို့နယ် တရားရုံး အသုံးပြုရန်အတွက် ပြည်ထောင်စုတရားလွှတ်တော်ချုပ်သို့ အမိန့်ကြော်ငြာစာ (ပြန်တမ်း) ဖြင့် လွှဲပြောင်းပေးပါသည်။

## အမိန့်ကြော်ငြာစာအမှတ် (၁၁၄/၂၀၂၁)

နေပြည်တော်၊ ၁၃၈၃ ခုနှစ်၊ ကဆုန်လဆန်း ၁၁ ရက်

(၂၀၂၁ ခုနှစ်၊ မေလ ၂၁ ရက်)

## မြေလွှဲပြောင်းပေးခြင်း

၁။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးသည် ၁၉၅၁ ခုနှစ်၊ နိုင်ငံတော်ပြည်သူ့အိုးအိမ်ပြန်လည်ထူထောင်ရေးနှင့် မြို့ရွာစည်ပင်ရေးအဖွဲ့အက်ဥပဒေပုဒ်မ-

၂၇ (၁) (ခ-၁) အရ အပ်နှင်းထားသည့်အခွင့်အာဏာများကို သုံးစွဲလျက် ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ (ဂ) ရပ်ကွက်၊ မြေကွက်အမှတ် (၅၄၁/၂)၊ မြေဧရိယာ (၀.၀၇၆) ဧကရှိ အစိုးရမြေနေရာအား ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်း အသုံးပြုရန်အတွက် လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနသို့ အောက်ပါ စည်းကမ်းချက်များဖြင့် လွှဲပြောင်းပေးလိုက်သည်-

(က) ဖော်ပြပါမြေကို အများပြည်သူအကျိုးငှာ ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်းအတွက်သာ အသုံးပြုရန်နှင့် အခြားနည်းဖြင့် အသုံးမပြုရ၊

(ခ) ထိုမြေကို လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနမှ အသုံးပြုရန် မလိုအပ်သည့်အခါ ဤဝန်ကြီးဌာနသို့ ပြန်လည်အပ်နှံရန်နှင့် အစိုးရက ပြန်လည်သိမ်းယူမည်။

(ဂ) မြေကို အသုံးပြုရာတွင် လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနနှင့် ဤဝန်ကြီးဌာနတို့ အယူအဆ သဘောထားကွဲလွဲမှုရှိသည့်အခါ ယင်းကိစ္စကို ပြည်ထောင်စုအစိုးရအဖွဲ့သို့ တင်ပြ၍ အဆုံးအဖြတ်ခံယူရမည်။

၂။ **လွှဲပြောင်းပေးသည့် မြေ၏ အကြောင်းအရာဖော်ပြချက်**

| တိုင်းဒေသကြီး | မြို့နယ် | မြေတိုင်းရပ်ကွက် အမှတ် | မြေကွက် အမှတ် | ခန့်မှန်း မြေဧရိယာ | | မှတ်ချက် |
|---|---|---|---|---|---|---|
| | | | | ဧက | ဒသမ | |
| ရန်ကုန်တိုင်း ဒေသကြီး | မြောက်ဥက္ကလာပ | (ဂ) ရပ်ကွက် | ၅၄၁/၂ | ၀ | ၀၇၆ | |
| စုစုပေါင်း | | | | ၀ | ၀၇၆ | |

၃။ **နယ်နိမိတ်အလားအလာဖော်ပြချက်**

အရှေ့လားသော် - မြို့တော်စည်ပင်မှ ချထားသည့်မြေကွက်

အနောက်လားသော် - မြို့နယ်သမဦးစီး (၅၄၁/၁)

တောင်လားသော် - လမ်း

မြောက်လားသော် - မဏ္ဍိုင်လမ်း

၄။ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီ၏ ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၆ ရက်နေ့တွင် ကျင်းပပြုလုပ်သော အစည်းအဝေးအမှတ်စဉ် (၉/၂၀၂၁) အရ မြောက်ဥက္ကလာပမြို့နယ်၊ (ဂ) ရပ်ကွက်၊ မြေကွက်အမှတ် (၅၄၁/၂)၊ မြေဧရိယာ (၀.၀၇၆) ဧကရှိ အစိုးရမြေနေရာအား ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်း အသုံးပြုရန်အတွက် လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနသို့ အမိန့်ကြော်ငြာစာ (ပြန်တမ်း) ဖြင့် လွှဲပြောင်းပေးပါသည်။

ရွှေလေး
ပြည်ထောင်စုဝန်ကြီး
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ဆောက်လုပ်ရေးဝန်ကြီးဌာန

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

## လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန

## (ဝန်ကြီးရုံး)

## အမိန့်ကြော်ငြာစာအမှတ် (၇၄/၂၀၂၁)

နေပြည်တော်၊ ၁၃၈၃ ခုနှစ်၊ ကဆုန်လဆန်း ၄ ရက်

(၂၀၂၁ ခုနှစ်၊ မေလ ၁၄ ရက်)

၂၀၂၁ ခုနှစ်၊ မေလ ၁၄ ရက်နေ့တွင် ကျင်းပပြုလုပ်သော လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီ အစည်းအဝေးအမှတ်စဉ် (၈/၂၀၂၁) ၏ သဘောတူခွင့်ပြုချက်အရ လူမှုဝန်ထမ်းဦးစီးဌာန၊ ကယားပြည်နယ် လူမှုဝန်ထမ်းရုံး အင်အားဖြင့် ရခိုင်ပြည်နယ်လူမှုဝန်ထမ်းရုံး၊ စစ်တွေမြို့တွင် တာဝန်ထမ်းဆောင်လျက်ရှိသော လစာနှုန်း (၃၄၁,၀၀၀-၄,၀၀၀-၃၆၁,၀၀၀) ဒုတိယညွှန်ကြားရေးမှူး၊ ဦးမြင့်ဇော် အား ရခိုင်ပြည်နယ် လူမှုဝန်ထမ်းရုံးတွင် လစ်လပ်လျက်ရှိသော လစာနှုန်း (၃၇၄,၀၀၀-၄,၀၀၀-၃၉၄,၀၀၀) ညွှန်ကြားရေးမှူးရာထူးသို့ တာဝန်ဝတ္တရားများ စတင်ထမ်းဆောင်သည့်နေ့မှစ၍ တိုးမြှင့်ခန့်ထားလိုက်သည်။

## (ဝန်ကြီးရုံး)

## အမိန့်ကြော်ငြာစာအမှတ် (၇၆/၂၀၂၁)

နေပြည်တော်၊ ၁၃၈၃ ခုနှစ်၊ ကဆုန်လဆန်း ၁၀ ရက်

(၂၀၂၁ ခုနှစ်၊ မေလ ၂၀ ရက်)

၂၀၂၁ ခုနှစ်၊ ဧပြီလ ၁၂ ရက်နေ့တွင် ကျင်းပပြုလုပ်သော လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီ အစည်းအဝေးအမှတ်စဉ် (၆/၂၀၂၁) နှင့် ၂၀၂၁ ခုနှစ်၊ မေလ ၁၉ ရက်နေ့တွင် ကျင်းပပြုလုပ်သော ပြည်ထောင်စုရာထူးဝန်အဖွဲ့ အစည်းအဝေးအမှတ်စဉ် (၁၂/၂၀၂၁) ၏ သဘောတူခွင့်ပြုချက်အရ ပြန်လည်ထူထောင်ရေးဦးစီးဌာနမှ အောက်ဖော်ပြပါ ဌာနစိတ်မှူး (၃) ဦးအား ဦးစီးအရာရှိ၊ လစာနှုန်း (၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀) ရာထူးနေရာသို့ တာဝန်ဝတ္တရားများ စတင်ထမ်းဆောင်သည့်နေ့မှစ၍ တိုးမြှင့်ခန့်ထားလိုက်သည်-

| စဉ် | အမည် | လက်ရှိတာဝန်ထမ်းဆောင်သည့် ရာထူး၊ ဌာန | တိုးမြှင့်တာဝန်ပေးအပ်မည့် ရာထူး၊ ဌာန |
|---|---|---|---|
| (က) | ဦးတင်အောင်ထွန်း | ဌာနစိတ်မှူး<br>စီမံ/ဘဏ္ဍာဌာနခွဲ | ဦးစီးအရာရှိ<br>ပြန်လည်ထူထောင်ရေးဦးစီးဌာန |
| (ခ) | ဒေါ်ဟေမာဖြိုး | ဌာနစိတ်မှူး<br>စီမံ/ဘဏ္ဍာဌာနခွဲ | ဦးစီးအရာရှိ<br>ပြန်လည်ထူထောင်ရေးဦးစီးဌာန |
| (ဂ) | ဒေါ်ကေသီခိုင် | ဌာနစိတ်မှူး<br>စီမံ/ဘဏ္ဍာဌာနခွဲ | ဦးစီးအရာရှိ<br>ပြန်လည်ထူထောင်ရေးဦးစီးဌာန |

ဒေါက်တာသက်သက်ခိုင်
ပြည်ထောင်စုဝန်ကြီး
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

## ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန

## (ဝန်ကြီးရုံး)

## အမိန့်ကြော်ငြာစာအမှတ် (၂၉/၂၀၂၁)

၁၃၈၂ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၁၄ ရက်

(၂၀၂၁ ခုနှစ်၊ ဇွန်လ ၈ ရက်)

၁။　ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန၊ ဟိုတယ်နှင့် ခရီးသွားညွှန်ကြားမှုဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ်၊ လစာနှုန်း (၄၁၈,၀၀၀-၄,၀၀၀-၄၃၈,၀၀၀) ဒေါ်ခင်သန်းဝင်း [၁၂/လမတ (နိုင်) ၀၁၉၃၃၄] ၏ အငြိမ်းစားမယူမီ ကြိုတင်ပြင်ဆင်ခွင့် (၄) လ ၂၀၂၁ ခုနှစ်၊ ဇွန်လ ၂၃ ရက်နေ့မှ ၂၀၂၁ ခုနှစ်၊ အောက်တိုဘာလ ၂၂ ရက်နေ့ထိကို နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများ၊ နည်းဥပဒေ (၈၁) အရ အများပြည်သူအကျိုးငှာ ငြင်းပယ်လိုက်သည်။

၂။　ငြင်းပယ်ခဲ့သည့် အငြိမ်းစားမယူမီ ကြိုတင်ပြင်ဆင်ခွင့် (၄) လကို ၂၀၂၁ ခုနှစ်၊ အောက်တိုဘာလ ၂၃ ရက်နေ့မှ ၂၀၂၂ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၂ ရက်နေ့အထိ ခံစားခွင့်ပြုပြီး ခွင့်ကုန်ဆုံးသည့်နောက်တစ်နေ့ ဖြစ်သော ၂၀၂၂ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၃ ရက်နေ့ နံနက်ပိုင်းမှစ၍ နိုင်ငံ့ဝန်ထမ်းနည်းဥပဒေအခန်း (၂၁)၊ နည်းဥပဒေ ၂၃၃၊ နည်းဥပဒေခွဲ (က) အရ သက်ပြည့်အငြိမ်းစား ယူခွင့်ပြုလိုက်သည်။

မောင်မောင်အုန်း
ပြည်ထောင်စုဝန်ကြီး
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

## တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန

## (ပြည်ထောင်စုဝန်ကြီးရုံး)

## အမိန့်ကြော်ငြာစာအမှတ် (၃၇/၂၀၂၁)

နေပြည်တော်၊ ၁၃၈၂ ခုနှစ်၊ တန်ခူးလပြည့်ကျော် ၁၁ ရက်

(၂၀၂၁ ခုနှစ်၊ မေလ ၇ ရက်)

၁။　တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန၏ အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးအဖွဲ့ (Corruption Prevention Unit– CPU) ကို အောက်ဖော်ပြပါပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းတာဝန်ပေးအပ်လိုက်သည်–

| စဉ် | အမည်၊ ရာထူး၊ ဌာန | တာဝန် |
|---|---|---|
| (က) | ဒေါက်တာအယ်လ်တူးမိန်းဂေါင်<br>အမြဲတမ်းအတွင်းဝန်<br>တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန | အဖွဲ့ခေါင်းဆောင် |
| (ခ) | ဦးဝင်းနိုင်<br>ညွှန်ကြားရေးမှူးချုပ်<br>တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုဦးစီးဌာန | အဖွဲ့ဝင် |
| (ဂ) | ဦးမင်းအေးကို<br>ညွှန်ကြားရေးမှူးချုပ်<br>တိုင်းရင်းသားအခွင့်အရေးများကာကွယ်စောင့်ရှောက်ရေးဦးစီးဌာန | အဖွဲ့ဝင် |

(ဃ) ဦးမင်းသူရအောင် — အဖွဲ့ဝင်
ဒုတိယညွှန်ကြားရေးမှူးချုပ်
တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုဦးစီးဌာန

( င ) ဒေါ်နန်းလောဝ်ဟွမ် — အဖွဲ့ဝင်
ဒုတိယညွှန်ကြားရေးမှူးချုပ်
တိုင်းရင်းသားအခွင့်အရေးများကာကွယ်စောင့်ရှောက်ရေးဦးစီးဌာန

( စ ) ဦးဇော်ထွန်း — အတွင်းရေးမှူး
ဒုတိယအမြဲတမ်းအတွင်းဝန်
ပြည်ထောင်စုဝန်ကြီးရုံး

၂။ တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာနတွင်း အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးအဖွဲ့ (Corruption Prevention Unit– CPU) ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည်–

(က) အဂတိလိုက်စားမှု မဖြစ်ပေါ်စေရေးအတွက် တားမြစ်ထိန်းချုပ်ရန်၊

( ခ ) ဌာနအလိုက် အဂတိလိုက်စားမှု ဖြစ်နိုင်ခြေရှိသော လုပ်ငန်းဆောင်ရွက်ချက်များနှင့် ပြဿနာများကို ဆန်းစစ်လေ့လာ စိစစ်ဖော်ထုတ်ရန်၊

( ဂ ) တွေ့ရှိလာသော ပြဿနာများကို ဥပဒေနှင့်အညီ စနစ်တကျကိုင်တွယ်ဖြေရှင်းရန်၊

(ဃ) အဂတိလိုက်စားမှုနှင့်သက်ဆိုင်သော တိုင်ကြားစာများကို စိစစ်ဆောင်ရွက်ရန်နှင့် ဆောင်ရွက်မှုကို သတင်းထုတ်ပြန်ရန်၊

( င ) အဂတိလိုက်စားမှုနှင့်ပတ်သက်သော လုပ်ငန်းဆောင်ရွက်ချက်များကို မြန်မာနိုင်ငံအဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင်၏ အစီအစဉ်နှင့်အညီ ဆောင်ရွက်ရန်၊

( စ ) အဂတိလိုက်စားမှုနှင့်ပတ်သက်သည့် ထူးခြားဖြစ်စဉ်များရှိပါက အဖွဲ့၏ ဆောင်ရွက်ချက်များကို ပြည်ထောင်စုဝန်ကြီးနှင့် ဒုတိယဝန်ကြီးထံသို့ အစီရင်ခံတင်ပြရန်၊

(ဆ) ပြည်ထောင်စုဝန်ကြီးနှင့် ဒုတိယဝန်ကြီးတို့မှ ပေးအပ်သော အခြားတာဝန်များကို ဆောင်ရွက်ရန်။

စောထွန်းအောင်မြင့်
ပြည်ထောင်စုဝန်ကြီး
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# ပြည်ထောင်စုရှေ့နေချုပ်ရုံး

နေပြည်တော်၊ ၁၃၈၃ ခုနှစ်၊ ကဆုန်လဆန်း ၁၁ ရက်

(၂၀၂၁ ခုနှစ်၊ မေလ ၂၂ ရက်)

အမှတ် ၁၆၆။ ရှမ်းပြည်နယ်၊ တောင်ကြီးခရိုင်ဥပဒေရုံး၊ ဦးစီးအရာရှိ (ဥပဒေအရာရှိအဆင့်–၃) ဦးစိုင်းလင်းမြတ် (ဥ/၁၁၆၆) အား ရှမ်းပြည်နယ်ဥပဒေချုပ်၏ ကိုယ်ရေးအရာရှိအဖြစ်ခန့်ထားနိုင်ရန်အတွက် ရှမ်းပြည်နယ် ဥပဒေချုပ်ရုံးသို့ ဦးစီးအရာရှိအဖြစ် ပြောင်းရွှေ့နေရာချထားလိုက်သည်။

ဒေါက်တာသီတာဦး
ပြည်ထောင်စုရှေ့နေချုပ်
ပြည်ထောင်စုရှေ့နေချုပ်ရုံး

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## ပြည်ထောင်စုရာထူးဝန်အဖွဲ့

### အမိန့်ကြော်ငြာစာအမှတ် (၂၈/၂၀၂၁)

နေပြည်တော်၊ ၁၃၈၃ ခုနှစ်၊ တန်ခူးလပြည့်ကျော် ၇ ရက်

(၂၀၂၁ ခုနှစ်၊ မေလ ၃ ရက်)

ပြည်ထောင်စုရာထူးဝန်အဖွဲ့၊ ဗဟိုဝန်ထမ်းတက္ကသိုလ် (အောက်မြန်မာပြည်)၊ စီမံ/ဘဏ္ဍာဌာနကြီး၊ စီမံ/ဘဏ္ဍာဌာနမှ ဌာနကြီးမှူး၊ လစာနှုန်း (၃၇၄,၀၀၀-၄,၀၀၀-၃၉၄,၀၀၀) ဦးတင်ရွှေ အား နိုင်ငံ့ဝန်ထမ်းဥပဒေ ပုဒ်မ ၂၂ နှင့် နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများ၊ နည်းဥပဒေ ၈၁ တို့အရ အငြိမ်းစားမယူမီ ကြိုတင်ပြင်ဆင်ခွင့် (၄) လကို ၂၀၂၁ ခုနှစ်၊ ဇွန်လ ၂၆ ရက်နေ့မှ အောက်တိုဘာလ ၂၅ ရက်နေ့အထိ ခံစားခွင့်ပြုလိုက်သည်။

ယင်းခွင့်ရက်များ ကုန်ဆုံးသည့် ၂၀၂၁ ခုနှစ်၊ အောက်တိုဘာလ ၂၆ ရက်နေ့ နံနက်ပိုင်းမှစ၍ ၎င်းအား နိုင်ငံ့ဝန်ထမ်းဥပဒေပုဒ်မ ၅၇ နှင့် နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများ၊ နည်းဥပဒေ ၂၃၃၊ နည်းဥပဒေခွဲ (က) တို့အရ သက်ပြည့်အငြိမ်းစား ယူခွင့်ပြုလိုက်သည်။

သန်းဆွေ

ဥက္ကဋ္ဌ

ပြည်ထောင်စုရာထူးဝန်အဖွဲ့

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## နေပြည်တော်စည်ပင်သာယာရေးကော်မတီ

### အမိန့်ကြော်ငြာစာအမှတ် (၃၁/၂၀၂၁)

နေပြည်တော်၊ ၁၃၈၃ ခုနှစ်၊ တန်ခူးလပြည့်ကျော် ၁၀ ရက်

(၂၀၂၁ ခုနှစ်၊ မေလ ၆ ရက်)

၂၀၂၁ ခုနှစ်၊ မေလ ၅ ရက်နေ့ ကျင်းပပြုလုပ်သော နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ စီမံခန့်ခွဲမှုကော်မတီ အစည်းအဝေးအမှတ်စဉ် (၁၅/၂၀၂၁) ဆုံးဖြတ်ချက်အရ မြို့တော်ဝန်ရုံးမှ ဦးစိုးမော်၊ လက်ထောက်အတွင်းဝန် (ညွှန်ကြားရေးမှူး)၊ လစာနှုန်း (၃၇၄,၀၀၀-၄,၀၀၀-၃၉၄,၀၀၀) အားဖွဲ့စည်းပုံအရ လစ်လပ်လျက်ရှိသော စီမံရေးရာဌာန၊ ဌာနမှူး (ဒုတိယညွှန်ကြားရေးမှူးချုပ်)၊ လစာနှုန်း (၄၁၈,၀၀၀-၄,၀၀၀-၄၃၈,၀၀၀) ရာထူးနေရာသို့ တာဝန်ဝတ္တရားများ စတင်ထမ်းဆောင်သည့်နေ့မှစ၍ တိုးမြှင့်ခန့်ထားလိုက်သည်။

ဒေါက်တာမောင်မောင်နိုင်

မြို့တော်ဝန်

နေပြည်တော်စည်ပင်သာယာရေးကော်မတီ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## ကချင်ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီ

### အမိန့်ကြော်ငြာစာအမှတ် (၄၆/၂၀၂၁)

၁၃၈၃ ခုနှစ်၊ တန်ခူးလပြည့်ကျော် ၈ ရက်

(၂၀၂၁ ခုနှစ်၊ မေလ ၄ ရက်)

ကချင်ပြည်နယ်စည်ပင်သာယာရေးအဖွဲ့ ကွပ်ကဲမှုအောက်ရှိ မြစ်ကြီးနားမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ ဒုတိယဦးစီးမှူး ဒေါ်နော်သန္တာ အား ၂၀၂၁ ခုနှစ်၊ မေလ ၄ ရက်နေ့မှစ၍ ကချင်ပြည်နယ် စည်ပင်သာယာရေးအဖွဲ့၌ ဦးစီးအရာရှိ၊ လစာနှုန်း (၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀) ရာထူးအဆင့်သို့ တိုးမြှင့်ခန့်ထားလိုက်သည်။

### အမိန့်ကြော်ငြာစာအမှတ် (၄၇/၂၀၂၁)

ကချင်ပြည်နယ်စည်ပင်သာယာရေးအဖွဲ့ ကွပ်ကဲမှုအောက်ရှိ ဖားကန့်မြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ အငယ်တန်းအင်ဂျင်နီယာ-၂ (မြို့ပြ) ဦးဝင်းကျော်ကျော် အား ၂၀၂၁ ခုနှစ်၊ မေလ ၄ ရက်နေ့မှစ၍ ကချင်ပြည်နယ် စည်ပင်သာယာရေးအဖွဲ့၌ လက်ထောက်အင်ဂျင်နီယာ (မြို့ပြ)၊ လစာနှုန်း (၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀) ရာထူးအဆင့်သို့ တိုးမြှင့်ခန့်ထားလိုက်သည်။

## အမိန့်ကြော်ငြာစာအမှတ် (၄၈/၂၀၂၁)

ကချင်ပြည်နယ်စည်ပင်သာယာရေးအဖွဲ့ ကွပ်ကဲမှုအောက်ရှိ မိုးမောက်မြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ အငယ်တန်းအင်ဂျင်နီယာ-၂ (မြို့ပြ) ဦးကျော်လင်းတင် အား ၂၀၂၁ ခုနှစ်၊ မေလ ၄ ရက်နေ့မှစ၍ ကချင်ပြည်နယ် စည်ပင်သာယာရေးအဖွဲ့၌ လက်ထောက်အင်ဂျင်နီယာ (မြို့ပြ)၊ လစာနှုန်း (၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀) ရာထူးအဆင့်သို့ တိုးမြှင့်ခန့်ထားလိုက်သည်။

## အမိန့်ကြော်ငြာစာအမှတ် (၄၉/၂၀၂၁)

ကချင်ပြည်နယ်စည်ပင်သာယာရေးအဖွဲ့ ကွပ်ကဲမှုအောက်ရှိ မြစ်ကြီးနားမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ အငယ်တန်းအင်ဂျင်နီယာ-၂ (စက်မှု) ဦးဇယ်တန်လွမ်းခေါင် အား ၂၀၂၁ ခုနှစ်၊ မေလ ၄ ရက်နေ့မှစ၍ ကချင်ပြည်နယ်စည်ပင်သာယာရေးအဖွဲ့၌ လက်ထောက်အင်ဂျင်နီယာ (စက်မှု)၊ လစာနှုန်း (၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀) ရာထူးအဆင့်သို့ တိုးမြှင့်ခန့်ထားလိုက်သည်။

ခက်ထိန်နန်
ဥက္ကဋ္ဌ
ကချင်ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# ရခိုင်ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီ

## ရုံးအမိန့်အမှတ် (၃၃/၂၀၂၁)

၁၃၈၃ ခုနှစ်၊ တန်ခူးလပြည့်ကျော် ၁၀ ရက်
(၂၀၂၁ ခုနှစ်၊ မေလ ၆ ရက်)

## ရာထူးတိုးမြှင့်ခန့်ထားခြင်း

ရခိုင်ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီ ကြီးကြပ်မှုအောက်ရှိရခိုင်ပြည်နယ် ကုန်တင်ကုန်ချကော်မတီရုံးမှ ဒေါ်ခင်ဦးနွယ်၊ ဒုတိယဦးစီးမှူးအား ပြည်ထောင်စုရာထူးဝန်အဖွဲ့၏ (၂၈-၄-၂၀၂၁) ရက်စွဲပါ စာအမှတ် ၁၉၆/တမ-၁/၈၄/၂/၂၀၂၁ ရည်ညွှန်းစာပါ သဘောတူညီချက်အရ ၂၀၂၁ ခုနှစ်၊ ဧပြီလ ၂၈ ရက်နေ့မှစ၍ စစ်တွေမြို့နယ် ကုန်တင်ကုန်ချကော်မတီရုံး၊ ဦးစီးအရာရှိ၊ လစာနှုန်း (၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀) ရာထူးအဆင့်သို့ တိုးမြှင့်ခန့်ထားလိုက်သည်။

ဥက္ကဋ္ဌ
ရခိုင်ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# မြန်မာနိုင်ငံတော်ဗဟိုဘဏ်

## အမိန့်ကြော်ငြာစာအမှတ် (၂၂/၂၀၂၁)

၁၃၈၃ ခုနှစ်၊ ကဆုန်လဆန်း ၉ ရက်
(၂၀၂၁ ခုနှစ်၊ မေလ ၁၉ ရက်)

၁။ မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ အောက်ဖော်ပြပါ ညွှန်ကြားရေးမှူး (၂) ဦးအား ၂၀၂၁ ခုနှစ်၊ မေလ ၁၉ ရက်နေ့မှစ၍ ဒုတိယညွှန်ကြားရေးမှူးချုပ်၊ လစာနှုန်း (၄၁၈,၀၀၀-၄,၀၀၀-၄၃၈,၀၀၀) ရာထူးသို့ တိုးမြှင့်ခန့်ထားလိုက်သည်-

| စဉ် | အမည် |
|---|---|
| (က) | ဦးဝင်းထိန်မင်း |
| (ခ) | ဒေါ်ကြည်မိုးမိုးအေး |

၂။ ၎င်းတို့သည် မည်သည့်ဌာနတွင် တာဝန်ထမ်းဆောင်ရမည်ကို ဆက်လက်ထုတ်ပြန်ပါမည်။

သန်းညိန်း
ဥက္ကဋ္ဌ
မြန်မာနိုင်ငံတော်ဗဟိုဘဏ်

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# ပြန်တမ်း

| | | |
|---|---|---|
| ရန်ကုန်မြို့ | ၁၃၈၃ ခုနှစ်၊ ဝါဆိုလဆန်း ၁ ရက်<br>(၂၀၂၁ ခုနှစ်၊ ဇူလိုင်လ ၉ ရက်) | သောကြာနေ့ |

ဤအပိုင်းကို သီးခြားစုပေါင်း၍ တွဲထားနိုင်ရန် သီးခြားစာမျက်နှာတပ်ထားပါသည်။


## အပိုင်း ၂

### စစ်ရာထူးခန့်ချုပ်ရုံး
### (ကြည်းတပ်ဌာနစု)

၁၃၈၃ ခုနှစ်၊ ကဆုန်လဆန်း ၇ ရက်
(၂၀၂၁ ခုနှစ်၊ မေလ ၁၇ ရက်)

အမှတ် ၅၂/၂၀၂၁။ အောက်ဖော်ပြပါ အရာခံဗိုလ်အား ၂၀၂၁ ခုနှစ်၊ မေလ ၇ ရက်နေ့တွင် ကျင်းပပြုလုပ်သော (၁၂၂) ကြိမ်မြောက် ကာကွယ်ရေးဌာနကောင်စီ၏ အမှုဆောင်အဖွဲ့ အစည်းအဝေးမှ သဘောတူခွင့်ပြုချက်အရ ၂၀၂၁ ခုနှစ်၊ မေလ ၁၅ ရက်နေ့မှအစပြု၍ တပ်မတော် (ကြည်း) တွင် ပြန်တမ်းဝင်အရာရှိ (ဒုတိယဗိုလ်) အဖြစ် ခန့်အပ်လိုက်သည်-

ရဲထွန်း ကြည်း ၇၇၃၂၁

၁၃၈၃ ခုနှစ်၊ ကဆုန်လဆန်း ၁၁ ရက်
(၂၀၂၁ ခုနှစ်၊ မေလ ၂၁ ရက်)

အမှတ် ၅၃/၂၀၂၁။ စစ်လက်နက်ပစ္စည်းညွှန်ကြားရေးမှူးရုံး ကွပ်ကဲမှုအောက်ရှိ တပ်မတော် စက်ရုံများမှ အောက်ဖော်ပြပါ အလုပ်ရုံစုမှူး (အမှုထမ်း) များအား ၂၀၂၁ ခုနှစ်၊ မေလ ၇ ရက်နေ့တွင် ကျင်းပပြုလုပ်သော (၁၂၂) ကြိမ်မြောက် ကာကွယ်ရေးဌာနကောင်စီ၏ အမှုဆောင်အဖွဲ့အစည်းအဝေးမှ သဘောတူခွင့်ပြုခဲ့ပြီး (၁၂၀) ကြိမ်မြောက် ကာကွယ်ရေးဌာနကောင်စီအစည်းအဝေးမှလည်း အတည်ပြုပြီး ဖြစ်ပါ၍ အမည်နှင့်ယှဉ်တွဲဖော်ပြပါ စက်ရုံများတွင် အလုပ်ရုံခွဲမှူး (အရာထမ်း) များအဖြစ် ၂၀၂၁ ခုနှစ်၊ မေလ ၁၁ ရက်နေ့မှအစပြု၍ ခန့်အပ်လိုက်သည်-

**တပ်မတော်(ကြည်း)**

| | | | |
|---|---|---|---|
| (၁) | အ/၈၁၄၈၉ | ဦးမြဖော် | တပ်မတော်ချည်မျှင်နှင့်အထည်စက်ရုံ(မိတ္ထီလာ) |
| (၂) | အ/၈၂၆၃၆ | ဒေါ်တင်သိင်္ဂီရွှေ | တပ်မတော်ချည်မျှင်နှင့်အထည်စက်ရုံ(မိတ္ထီလာ) |
| (၃) | အ/၉၀၅၆၄ | ဒေါ်ငုဝါကျော် | တပ်မတော်ချည်မျှင်နှင့်အထည်စက်ရုံ(မိတ္ထီလာ) |
| (၄) | အ/၉၁၇၇၀ | ဒေါ်သင်းသင်းရီ | တပ်မတော်ချည်မျှင်နှင့်အထည်စက်ရုံ(မိတ္ထီလာ) |
| (၅) | အ/၁၁၁၅၁၈ | ဦးဇေယျာထွန်း | တပ်မတော်ချည်မျှင်နှင့်အထည်စက်ရုံ(မိတ္ထီလာ) |
| (၆) | အ/၁၁၂၃၈၆ | ဒေါ်အေးသဇင်မင်း | တပ်မတော်ချည်မျှင်နှင့်အထည်စက်ရုံ(မိတ္ထီလာ) |
| (၇) | အ/၁၂၀၂၃၃ | ဒေါ်ရင်ရင်ဝေ | တပ်မတော်ချည်မျှင်နှင့်အထည်စက်ရုံ(မိတ္ထီလာ) |

| | | | |
|---|---|---|---|
| (၈) | အ/၁၂၂၂၇၈ | ဒေါ်တင်မြင့်မော် | တပ်မတော်ချည်မျှင်နှင့်အထည်စက်ရုံ(မိတ္ထီလာ) |
| (၉) | အ/၁၂၃၁၂၆ | ဒေါ်အေးမြမြသက် | တပ်မတော်ချည်မျှင်နှင့်အထည်စက်ရုံ(မိတ္ထီလာ) |
| (၁၀) | အ/၁၂၆၂၀၅ | ဒေါ်ခင်ဆက်ဆွေ | တပ်မတော်ချည်မျှင်နှင့်အထည်စက်ရုံ(မိတ္ထီလာ) |
| (၁၁) | အ/၇၃၇၉၃ | ဒေါ်အေးအေးမြင့် | တပ်မတော်ချည်မျှင်နှင့်အထည်စက်ရုံ(သမိုင်း) |
| (၁၂) | အ/၈၅၄၂၄ | ဒေါ်သန္တာခိုင် | တပ်မတော်ချည်မျှင်နှင့်အထည်စက်ရုံ(သမိုင်း) |
| (၁၃) | အ/၉၀၉၆၉ | ဒေါ်ငွေးငွေးမော် | တပ်မတော်ချည်မျှင်နှင့်အထည်စက်ရုံ(သမိုင်း) |
| (၁၄) | အ/၁၀၉၂၇၆ | ဒေါ်နှင်းထက်ထက်သူ | တပ်မတော်ချည်မျှင်နှင့်အထည်စက်ရုံ(သမိုင်း) |
| (၁၅) | အ/၁၁၀၇၃၆ | ဒေါ်ချောသူဇာ | တပ်မတော်ချည်မျှင်နှင့်အထည်စက်ရုံ(သမိုင်း) |
| (၁၆) | အ/၁၁၇၉၄၉ | ဦးသွင်ဘုန်းမြင့် | တပ်မတော်ချည်မျှင်နှင့်အထည်စက်ရုံ(သမိုင်း) |
| (၁၇) | အ/၁၁၉၈၉၃ | ဒေါ်စုလတ်နန္ဒာ | တပ်မတော်ချည်မျှင်နှင့်အထည်စက်ရုံ(သမိုင်း) |
| (၁၈) | အ/၁၂၀၆၅၉ | ဒေါ်မေမဉ္ဇူ | တပ်မတော်ချည်မျှင်နှင့်အထည်စက်ရုံ(သမိုင်း) |
| (၁၉) | အ/၁၂၀၆၆၀ | ဦးဝေလွင်အောင် | တပ်မတော်ချည်မျှင်နှင့်အထည်စက်ရုံ(သမိုင်း) |
| (၂၀) | အ/၈၆၉၉၄ | ဒေါ်သီသီဝင်း | တပ်မတော်အထည်ချုပ်စက်ရုံ |
| (၂၁) | အ/၁၂၂၃၁၆ | ဒေါ်ဆုမွန်ငြိမ်းဦး | တပ်မတော်အထည်ချုပ်စက်ရုံ |
| (၂၂) | အ/၉၂၂၂၅ | ဦးမြစိုး | တပ်မတော်မိုးရေကာဖျင်စက်ရုံ(လှိုင်းတက်) |
| (၂၃) | အ/၁၂၄၁၀၅ | ဒေါ်ဇင်မာဖြိုး | တပ်မတော်မိုးရေကာဖျင်စက်ရုံ(လှိုင်းတက်) |
| (၂၄) | အ/၉၀၅၈၇ | ဒေါ်သင်းမာအောင် | တပ်မတော်ဖိနပ်စက်ရုံ(လှိုင်းတက်) |
| (၂၅) | အ/၁၁၈၉၄၃ | ဒေါ်ချစ်ချစ်စော | တပ်မတော်ဖိနပ်စက်ရုံ(လှိုင်းတက်) |
| (၂၆) | အ/၇၇၃၃၆ | ဒေါ်ချယ်ရီ | တပ်မတော်သဘော်ဆေးစက်ရုံ |
| (၂၇) | အ/၈၃၉၀၃ | ဦးရဲထွဋ်မောင် | တပ်မတော်သဘော်ဆေးစက်ရုံ |
| (၂၈) | အ/၈၆၇၉၁ | ဒေါ်ဆွေဇင်မြင့် | တပ်မတော်သဘော်ဆေးစက်ရုံ |
| (၂၉) | အ/၉၀၅၃၂ | ဒေါ်စန္ဒာသန်း | တပ်မတော်သဘော်ဆေးစက်ရုံ |
| (၃၀) | အ/၁၀၅၄၄၃ | ဒေါ်စုစုလှိုင် | တပ်မတော်သဘော်ဆေးစက်ရုံ |
| (၃၁) | အ/၉၀၅၈၃ | ဒေါ်ခင်မေစီ | တပ်မတော်ဘောလုံးစက်ရုံ |
| (၃၂) | အ/၈၄၂၀၃ | ဒေါ်ကြည်ကြည်သိန်း | တပ်မတော်သတ္တုပစ္စည်းစက်ရုံ |
| (၃၃) | အ/၉၅၇၀၇ | ဦးလင်းမင်းထိုက် | တပ်မတော်သတ္တုပစ္စည်းစက်ရုံ |

**(လေတပ်ဌာနစု)**

၁၃၈၃ ခုနှစ်၊ ကဆုန်လဆန်း ၇ ရက်

(၂၀၂၁ ခုနှစ်၊ မေလ ၁၇ ရက်)

အမှတ် ၅/၂၀၂၁။ အောက်ဖော်ပြပါ လေကြောင်းလမ်းပြကြီးအား ၂၀၂၁ ခုနှစ်၊ မေလ ၇ ရက်နေ့ တွင်ကျင်းပပြုလုပ်သော (၁၂၂)ကြိမ်မြောက် ကာကွယ်ရေးဌာနကောင်စီ၏အမှုဆောင်အဖွဲ့အစည်းအဝေးမှ သဘောတူခွင့်ပြုချက်အရ ၂၀၂၁ ခုနှစ်၊ မေလ ၁၅ ရက်နေ့မှအစပြု၍ တပ်မတော်(လေ) အုပ်ချုပ်မှုဌာနခွဲတွင် ပြန်တမ်းဝင်အရာရှိ (ဒုတိယဗိုလ်) အဖြစ် ခန့်အပ်လိုက်သည်-

အောင်ဇော်မိုး လေ ၄၄၈၄

အမိန့်အရ

ဒုတိယဗိုလ်ချုပ်ကြီး လင်းအောင်

စစ်ရာထူးခန့်ချုပ်

စစ်ရာထူးခန့်ချုပ်ရုံး

## မြန်မာနိုင်ငံစာစစ်ဦးစီးဌာန

### အမိန့်ကြော်ငြာစာအမှတ် (၁၁၈/၂၀၂၁)

နေပြည်တော်၊ ၁၃၈၃ ခုနှစ်၊ တန်ခူးလပြည့်ကျော် ၉ ရက်
(၂၀၂၁ ခုနှစ်၊ မေလ ၅ ရက်)

ပညာရေးဝန်ကြီးဌာန၊ ဝန်ကြီးရုံး၏ (၄-၅-၂၀၂၁) ရက်စွဲပါ စာအမှတ် အုပ်ချုပ်မှု (ဦး/ရှိတိုး)/ ၂၀၂၁ (၃၂၈၂) နှင့် (၂၈-၄-၂၀၂၁) ရက်နေ့တွင် ကျင်းပသော ပြည်ထောင်စုရာထူးဝန်အဖွဲ့၊ အစည်းအဝေး အမှတ်စဉ် (၉/၂၀၂၁) ၏ သဘောတူညီချက်အရ မြန်မာနိုင်ငံစာစစ်ဦးစီးဌာနမှ ဌာနခွဲစာရေး၊ လစာနှုန်း (၂၃၄,၀၀၀-၂,၀၀၀-၂၄၄,၀၀၀) ဦးဇော်မိုး အား အဆိုပါဦးစီးဌာန၊ စာမေးပွဲဌာနခွဲတွင် လစ်လပ်လျက်ရှိသော ဦးစီးအရာရှိ လစာနှုန်း (၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀) ရာထူးသို့ ၂၀၂၁ ခုနှစ်၊ ဧပြီလ ၂၈ ရက်နေ့မှစ၍ ရာထူးတိုးမြှင့်ခန့်ထားလိုက်သည်။

ဒေါက်တာမျိုးသန့်
ညွှန်ကြားရေးမှူးချုပ်
မြန်မာနိုင်ငံစာစစ်ဦးစီးဌာန

## အားကစားနှင့် ကာယပညာဦးစီးဌာန

### အမိန့်ကြော်ငြာစာအမှတ် (၂၅/၂၀၂၁)

၁၃၈၃ ခုနှစ်၊ တန်ခူးလဆန်း ၁၁ ရက်
(၂၀၂၁ ခုနှစ်၊ ဧပြီလ ၂၂ ရက်)

ပြည်ထောင်စုရာထူးဝန်အဖွဲ့၏ သဘောတူညီချက်အရ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ အားကစားနှင့် ကာယပညာဦးစီးဌာန၊ ဌာနခွဲများနှင့် တိုင်းဒေသကြီး/ပြည်နယ်များမှ အောက်ဖော်ပြပါ နည်းပြ (နည်းစနစ်)၊ လစာနှုန်း (၂၁၆,၀၀၀-၂,၀၀၀-၂၂၆,၀၀၀) (၁၀) ဦးအား အားကစားမှူး၊ လစာနှုန်း (၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀) ရာထူးနေရာများသို့ တာဝန်ဝတ္တရားများ စတင်ထမ်းဆောင်သည့်နေ့မှစ၍ တိုးမြှင့်ခန့်ထားလိုက်ပြီး ယှဉ်တွဲပါဒေသများတွင် တာဝန်ထမ်းဆောင်စေလိုက်သည်-

| စဉ် | အမည်၊ ဌာနခွဲ၊ ဒေသ | တိုးမြှင့်ခန့်အပ်သည့်ရာထူး၊ ဒေသ |
|---|---|---|
| ၁။ | ဦးကိုကိုကြီး<br>အား/ပညာဌာနခွဲ<br>(ဝန်ကြီးရုံးတွဲ) | ကချင်ပြည်နယ်<br>(ဆွမ်ပရာဘွမ်မြို့နယ်) |
| ၂။ | ဦးခွဲခြားမောင်(ခ) ခွဲခြမ်းမောင်<br>ရှမ်းပြည်နယ်<br>(ညောင်ရွှေမြို့နယ်) | ရှမ်းပြည်နယ်<br>(ညောင်ရွှေမြို့နယ်) |
| ၃။ | ဦးအောင်ဖြိုးကို<br>မကွေးတိုင်းဒေသကြီး<br>(ရေနံချောင်းမြို့နယ်) | ရှမ်းပြည်နယ်<br>(ကျိုင်းတုံခရိုင်) |
| ၄။ | ဦးကျော်လင်းဦး<br>အား/ကာသိပ္ပံ (တောင်ကြီး) | ကချင်ပြည်နယ်<br>(ချီဖွေမြို့နယ်) |
| ၅။ | ဦးချစ်ကိုကို<br>အား/ကာသိပ္ပံ (တောင်ကြီး) | ရှမ်းပြည်နယ်<br>(မိုင်းဆတ်မြို့နယ်) |
| ၆။ | ဒေါ်နန်းခမ်းမို<br>ရှမ်းပြည်နယ်<br>(မိုင်းရယ်မြို့နယ်) | ရှမ်းပြည်နယ်<br>(မိုင်းမောမြို့နယ်) |

| စဉ် | အမည်၊ ဌာနခွဲ၊ ဒေသ | တိုးမြှင့်ခန့်အပ်သည့်ရာထူး၊ ဒေသ |
|---|---|---|
| ၇။ | ဦးစိုးရန်ပိုင်ချို<br>စစ်ကိုင်းတိုင်းဒေသကြီး<br>(စစ်ကိုင်းခရိုင်) | ကချင်ပြည်နယ်<br>(ပူတာအိုမြို့နယ်) |
| ၈။ | ဒေါ်ခင်သန်းစော<br>ဧရာဝတီတိုင်းဒေသကြီး<br>(လေးမျက်နှာမြို့နယ်) | ရှမ်းပြည်နယ်<br>(မိုင်းကိုင်မြို့နယ်) |
| ၉။ | ဒေါ်ပပဖြိုး<br>ရန်ကုန်တိုင်းဒေသကြီး<br>(မင်္ဂလာတောင်ညွန့်မြို့နယ်) | ရှမ်းပြည်နယ်<br>(လားရှိုးခရိုင်) |
| ၁၀။ | ဒေါ်ချောအိသူ<br>ရန်ကုန်တိုင်းဒေသကြီး<br>(လသာမြို့နယ်) | ရှမ်းပြည်နယ်<br>(မိုင်းရှူးမြို့နယ်) |

ထွန်းမြင့်ဦး
ခေတ္တညွှန်ကြားရေးမှူးချုပ်
အားကစားနှင့် ကာယပညာဦးစီးဌာန

## မြန်မာ့နိုင်ငံခြားကုန်သွယ်မှုဘဏ်

ရန်ကုန်မြို့၊ ၁၃၈၃ ခုနှစ်၊ တန်ခူးလဆန်း ၁၅ ရက်
(၂၀၂၁ ခုနှစ်၊ ဧပြီလ ၂၆ ရက်)

အမှတ် ၂၅။ စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန၏ ၂၀၂၁ ခုနှစ်၊ ဧပြီလ ၂၃ ရက်စွဲပါ စာအမှတ်၊ စဘစ/ဘဏ္ဍာ – ၁/၂/၄–၁ (၂၁၅၅/၂၀၂၁) အရ မြန်မာ့နိုင်ငံခြားကုန်သွယ်မှုဘဏ်မှ အောက်ဖော်ပြပါ ကြီးကြပ်ရေးမှူး (၁၅) ဦးအား ၂၀၂၁ ခုနှစ်၊ ဧပြီလ ၂၆ ရက်နေ့ နံနက်ပိုင်းမှ စတင်၍ လက်ထောက်မန်နေဂျာ၊ လစာနှုန်း (၂၇၅,၀၀၀–၄,၀၀၀–၂၉၅,၀၀၀) ရာထူးသို့ တိုးမြှင့်ခန့်ထားလိုက်သည်–

(က) ဒေါ်ခင်မမဦး
( ခ ) ဒေါ်အေးအေးခိုင် (၂)
( ဂ ) ဒေါ်အေးအေးအောင်
(ဃ) ဒေါ်ဆွေဆွေဦး
( င ) ဒေါ်မြတ်လေးဆွေ
( စ ) ဒေါ်မူယာခင်
(ဆ) ဒေါ်စမ်းမာမာထွေး
( ဇ ) ဒေါ်နီနီလွင်
(ဈ) ဒေါ်စန်းစန်းနွဲ့ (၂)
(ည) ဒေါ်မြင့်မြင့်မော်
( ဋ ) ဒေါ်အေးအေးခိုင် (၄)
( ဌ ) ဒေါ်မြမြသိန်း
( ဍ ) ဒေါ်လှလှဝင်း
( ဎ ) ဒေါ်အေးအေးကျော်
(ဏ) ဒေါ်အေးအေးခိုင် (၃)

ကေသီ
ဦးဆောင်ညွှန်ကြားရေးမှူး
မြန်မာ့နိုင်ငံခြားကုန်သွယ်မှုဘဏ်

မှတ်ပုံတင်အမှတ်–၃၉

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပြန်တမ်း

ရန်ကုန်မြို့ { ၁၃၈၃ ခုနှစ်၊ ဝါဆိုလဆန်း ၁ ရက် (၂၀၂၁ ခုနှစ်၊ ဇူလိုင်လ ၉ ရက်) } သောကြာနေ့

ဤအပိုင်းကို သီးခြားစုပေါင်း၍ တွဲထားနိုင်ရန် သီးခြားစာမျက်နှာတပ်ထားပါသည်။

## အပိုင်း ၄

Under Member's in Company Voluntary Winding-up

**JEWELLERY LUCK ZHONGHE ENGINEERING CO., LTD**

(Desirable Liquidation in Progress)

Under Myanmar Companies Law Section 357 (Final Meeting and Dissolution)

According to the Myanmar Companies Law, Section 357, to confirm the Liquidation of **JEWELLERY LUCK ZHONGHE ENGINEERING CO., LTD** the Final Meeting will be held on at National Swimming Pool Compound, U Wisara Road, Dagon Township, Yangon Region at 10:00 am on 9-8-2021.

U Chandra
Advocate
Liquidator
JEWELLERY LUCK ZHONGHE ENGINEERING CO., LTD

Notice Under Section 357 Myanmar Companies Act

**Myasino Construction Company Limited**

(Members Voluntary Winding-up)

Invitation to Final Meeting

A final meeting of **Myasino Construction Company Limited** will be held on (9-8-2021) No.Ba/6 (140), 60 Street, Between 42 Street and 43 Street Myae Township, Mandalay Township, Mandalay Region, Myanmar-

- Liquidator's report and return will be presented at the meeting.
- All members are invited to attend.

U Zin Wai
B. Com, CPA
Liquidator

**Coteck (Myanmar) Industry Company Limited**

Notice Under Section 206 (1) of the Myanmar Companies Act

(In Voluntary Liquidation)

At the Extraordinary General Meeting of the shareholders of the company held on (5-7-2021) the resolution that company was winding-up voluntarily and U Zin Wai (Certified Public Accountant) was appointed as a liquidator was passed on Extraordinary General Meeting Resolution. For above resolution all persons claiming to be creditors of the above company are therefore, requested to submit details of their claims together with any documentary evidence in their possession, to the liquidator at the address given below at the day on (5-8-2021) or before that day.

Mr.Tu, Yu-Ta
Managing Director
Coteck (Myanmar) Industry Co., Ltd

U Zin Wai
B.Com (AA), CPA (210)
Liquidator

မြန်မာနိုင်ငံကုမ္ပဏီများဥပဒေပုဒ်မ ၃၅၇ အရ
စာရင်းရှင်းလင်းဖျက်သိမ်းရေးဆိုင်ရာ အပြီးသတ်အထွေထွေအစည်းအဝေး
တက်ရောက်ရန် အကြောင်းကြားစာ

**ဝေ့(ဗ်) ဒီဂျစ်တယ်**

**(Wave Digital limited)**

အစုရှင်များ၏ဆန္ဒအလျောက် စာရင်းရှင်းလင်းဖျက်သိမ်းခြင်း

**Wave Digital limited** (ဖျက်သိမ်းဆဲ) ၏ စာရင်းရှင်းလင်းဖျက်သိမ်းရေးဆိုင်ရာ ကိစ္စရပ်များနှင့် ပတ်သက်၍ ကုမ္ပဏီ၏ အပြီးသတ် အထွေထွေအစည်းအဝေးကို အောက်ပါအစီအစဉ်အတိုင်း ဆောင်ရွက်မည် ဖြစ်၍ အစုရှင်များအားလုံး တက်ရောက်ကြပါရန် အကြောင်းကြားအပ်ပါသည်။

ကျင်းပမည့်နေ့ရက် - ၉-၈-၂၀၂၁

ကျင်းပမည့်အချိန် - (၂) နာရီ

ကျင်းပမည့်နေရာ - အမှတ် (၅၂၀)၊ ၃-လွှာ၊ ကမ္ဘာအေးဘုရားလမ်း၊ ရွှေဂုံတိုင်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့။

ကျင်းပသည့်ရည်ရွယ်ချက် - စာရင်းရှင်းလင်းဖျက်သိမ်းရေးဆိုင်ရာစာရင်းတင်ပြရန်နှင့် ရှင်းလင်းပြောဆိုရန်

ဒေါ်စန်းစန်းမော်
(B.Com, CPA)
စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ
Wave Digital limited

**YUE WING CHEONG (MYANMAR) MANUFACTORY LIMITED**

Notice Under Section 206 (1) of the Myanmar Companies Act

(In Voluntary Liquidation)

At the Extraordinary General Meeting of the shareholders of the company held on (5–7–2021) the resolution that company was winding–up voluntarily and U Zin Wai (Certified Public Accountant) was appointed as a liquidator was passed on Extraordinary General Meeting Resolution. For above resolution all persons claiming to be creditors of the above company are therefore, requested to submit details of their claims together with any documentary evidence in their possession, to the liquidator at the address given below at the day on (5–8–2021) or before that day.

Mr.So Kai Sing
Managing Director
Yue Wing Cheong (Myanmar) Manufactory Ltd

U Zin Wai
B.Com (AA), CPA (210)
Liquidator

**ဂိုးလ်ဒင်း ဂျိုင်းရင့် ဒရက်ဂွန် ကုမ္ပဏီ လီမိတက်**

**(Golden Giant Dragon Company Limited)**

အစုရှင်ဆန္ဒအလျောက်ဖျက်သိမ်းဆဲ နောက်ဆုံးအစည်းအဝေးတက်ရောက်ရန်ဖိတ်ကြားခြင်း

ကုမ္ပဏီ၏စာရင်းများကို ရှင်းလင်းဆောင်ရွက်ပြီးဖြစ်၍ အစုရှင်အားလုံးကို တင်ပြအတည်ပြုချက် ရယူလိုပါသဖြင့် အောက်ပါအတိုင်း ကျင်းပမည့် နောက်ဆုံးအစည်းအဝေးသို့ အစုရှင်များ မပျက်မကွက် တက်ရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်။

| | | |
|---|---|---|
| ကျင်းပမည့်နေ့ရက် | ။ ။ | ၂၆–၇–၂၀၂၁ |
| ကျင်းပမည့်အချိန် | ။ ။ | နံနက် (၉) နာရီ |
| ကျင်းပမည့်နေရာ | ။ ။ | ကုမ္ပဏီရုံးခန်း |

အစည်းအဝေးတွင် စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ၏ အစီရင်ခံစာရင်းရှင်းလင်းချက်များနှင့် စာရင်းရှင်းလင်းပြီးစီးမှုများကို တင်ပြမည်ဖြစ်ပါသည်။

အစုရှယ်ယာရှင်များအားလုံး အစည်းအဝေးတက်ရောက်ရန် ဖိတ်ကြားအပ်ပါသည်။

ဒေါ်မြနု
B.Com (Q), CPA
စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ

ဦးဝင်းကျော်
B.Com, D.A
လက်ထောက်စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ

## HLA HLA LINN GROUP OF COMPANY LIMITED
## ဖျက်သိမ်းရန်ကြေညာချက်

၁။ **HLA HLA LINN GROUP OF COMPANY LIMITED** ကိုအစုရှယ်ယာရှင်များ၏ ဆန္ဒအရ ဖျက်သိမ်းရန် (၂၆-၆-၂၀၂၁) နေ့တွင် ကုမ္ပဏီရုံးခန်းတွင်ကျင်းပသော အထူးအစည်းအဝေးတွင် အထူးဆုံးဖြတ်ချက် ချမှတ်ခဲ့ပါသည်။

၂။ ထို့အပြင် ကုမ္ပဏီဖျက်သိမ်းရန်အတွက် စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ် ဦးစိုးမြင့် (P.A, 372, B.A., R.A., CPA) မှတ်ပုံတင်အမှတ် ၁၃/ကမန (နိုင်) ၀၆၂၉၆၀၊ အမှတ် (၂၄) တတိယထပ်၊ မြောင်းကြီးလမ်း၊ ရေကျော်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့နေသူအား ခန့်အပ်ရန်ဆုံးဖြတ်ခဲ့ပါသည်။

၃။ သို့ပါ၍ ကုမ္ပဏီနှင့်ပတ်သက်၍ ပေးရန် ရရန်ရှိသည်များကို တစ်လအတွင်း ဦးစိုးမြင့်နှင့် ဆက်သွယ်ဆောင်ရွက်ရန် ကြေညာလိုက်ပါသည်။

ဦးလှမျိုး
Managing Director
Hla Hla Linn Group of Company Limited

ဦးစိုးမြင့်
B.A., R.A., CPA
စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ

## ကုမ္ပဏီတွင်ပါဝင်သူများက ကုမ္ပဏီကို ဆန္ဒအလျောက် ဖျက်သိမ်းခြင်း
## **နောင်တုံ ကျောက်မျက်ရတနာ ကုမ္ပဏီ လီမိတက်**
## (NAWNGTUNG JEMS & JEWELLERY COMPANY LIMITED) ၏
## ဖျက်သိမ်းရန် ကြေညာချက်

၁။ **နောင်တုံ ကျောက်မျက်ရတနာ ကုမ္ပဏီ လီမိတက်** (NAWNGTUNG JEMS & JEWELLERY COMPANY LIMITED) ကို အစုရှင်များ၏ဆန္ဒအရ အလိုအလျောက်ဖျက်သိမ်းရန် (၈-၇-၂၀၂၁) နေ့က ကုမ္ပဏီရုံးတွင်ကျင်းပသော သာမန်ထက်ထူးကဲသည့် အထွေထွေအစည်းအဝေးက အထူးဆုံးဖြတ်ချက် ချမှတ်ခဲ့ပါသည်။

၂။ ယင်းအစည်းအဝေးကပင် ကုမ္ပဏီစာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ် အမှတ်-၅၀၊ (ပ) ထပ်၊ အခန်း (စီ-၁)၊ ဘဏ်လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့နေ **ဦးချန္ဒရာ B.Sc.,H.G.P, LL.B (Q), M.A (Business Law), PGDL (တရားလွှတ်တော်ရှေ့နေ) [၁၂/သကတ (နိုင်) ၁၁၈၄၉၃]** အား ခန့်ထားရန် ဆုံးဖြတ်ခဲ့ပါသည်။

၃။ သို့ပါ၍ ကုမ္ပဏီထံပေးရန်နှင့် ရရန်ရှိသည်များကို (၁) လအတွင်း စာရင်းရှင်းလင်းဖျက်သိမ်းရေး အရာရှိထံ ဆက်သွယ်ဆောင်ရွက်ရန် ကြေညာလိုက်ပါသည်။

ဦးစိုင်းတစ်အောင်
မန်နေးဂျင်းဒါရိုက်တာ
NAWNGTUNG JEMS & JEWELLERY COMPANY LIMITED

ဦးချန္ဒရာ
တရားလွှတ်တော်ရှေ့နေ
စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ

ပ၊ ထ၊ န - အမှတ် ၅၅၈/ ၂၀/ ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန/ စောင်ရေ - ၂၀၄၅/ ၉-၇-၂၀၂၁။